ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 4 February 2021 ၁၀၂၇၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်ရေးဆိုင်ရာများဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဖဒိုမန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာမောင်မောင်လေး၊ ဦးဝေဖြိုး၊ ဦးသောင်းတင်၊ ဦးလှမောင်ရွှေ၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါ်ခိုင်ခိုင်နွယ်၊ ဒေါက်တာအောင်သိန်း၊ ဦးကျော်ဒေဝ၊ ဦးအေးထွန်း၊ ဦးအောင်စိုးသာနှင့် ဒေါက်တာဝင်းစည်သူ၊ ဘဏ္ဍာရေးမှူး ဦးမြဟန်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဆန်းလင်း၊ အကျိုးဆောင်စာရင်းစစ် ဦးနှင်းဦး၊ အကျိုးဆောင်တွဲဖက်စာရင်းစစ် ဒေါက်တာတင်လတ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသတိုးဟိန်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့


ကြေးမုံ ယနေ့ ဖတ်စရာ

**ငွေစက္ကူများအား စိတ်ချယုံကြည်စွာ ဆက်လက်သုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာ**

စာမျက်နှာ » ၅

**ကျွန်မချစ်သော......မြန်မာ့အသံ**

ဆောင်းပါး စာမျက်နှာ » ၂၁



KBZ BANK

ဘဏ်သို့လာရောက်ရာတွင်
Mask နှင့် Face Shield များကိုမဖြစ်မနေ
ဝတ်ဆင်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်

ကြေးမုံ

# ရေအရင်းအမြစ်ကို စနစ်တကျဆောင်ရွက်

ရေသည် လူသားအားလုံးအတွက် အရေးကြီးသည့်ပစ္စည်းဖြစ်သည်။ ရေသည် သက်ရှိအရာများနှင့်သတ္တဝါများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ရေကို စနစ်တကျအသုံးချလျှင် များစွာအကျိုးရှိသည်။ စနစ်တကျ အသုံးမချတတ်လျှင် အဟောသိကံဖြစ်မည်။ ရေသည် ကောင်းကျိုးများစွာပေးသလို တစ်ခါတစ်ရံ ဆိုးကျိုးများလည်းပေးသည်။

ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် ရေနှင့်ပတ်သက်သော ပြဿနာများ နှစ်စဉ်ကြုံတွေ့ကြရသည်။ မိုးရာသီကာလတွင် ရေကြီးရေလျှံဘေးနှင့် ကြုံတွေ့ကြရပြီး နွေရာသီကာလတွင် ရေရှားပါးမှုနှင့် ကြုံတွေ့ကြရသည်။ အဆိုပါ ရေနှင့်ပတ်သက်သောပြဿနာများကို ဖြေရှင်းပေးမှသာ ပြည်သူများ၏ လူမှုဘဝများ အဆင်ပြေနိုင်မည်ဖြစ်သည်။ နှစ်စဉ် နွေရာသီကာလရောက်လျှင် သောက်သုံးရေနှင့် စိုက်ပျိုးရေ ရှားပါးမှုပြဿနာနှင့် ကြုံကြရသည်။ ယင်းကို လျော့ပါးသက်သာရေးအတွက် လက်တွဲပူးပေါင်းပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတို့၏ အကျိုးဆက်များကြောင့် ရေလမ်းကြောင်းနှင့် ရေသိုလှောင်မှုစနစ်များ ပျက်စီးလာသည်။ ထို့ကြောင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ သစ်တောများ မပျက်စီးရေးတို့ကို ကမ္ဘာတစ်ဝန်း ဦးစားပေးလုပ်ဆောင်လာကြသည်။ မြန်မာနိုင်ငံတွင် သစ်တောများ ပြန်လည်ပျိုးထောင်ရေးကို အလေးထားလုပ်ဆောင်နေသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပေးရေးသည် လက်တွေ့နယ်ပယ်တွင်ကြီးမားသောစိန်ခေါ်မှုဖြစ်သည်။ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုဖြင့် မပြီးမြောက်နိုင်ဘဲ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု လိုအပ်သည်။

လက်ရှိကာလတွင် ရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ မြစ်ဝှမ်းဒေသများ၌ တရားမဝင်ရွှေတူးဖော်မှုနှင့် အခြားဓာတ်သတ္တုများ၊ အဖိုးတန်ကျောက်မျက်ထုတ်လုပ်မှုများ၊ တရားမဝင် ကျောက်စရစ်နှင့် သဲထုတ်လုပ်မှုလုပ်ငန်းများ တားဆီးထိန်းချုပ်ရေး၊ မိုးရာသီကာလတွင် သစ်ပင်စိုက်ပျိုးရေး၊ ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး၊ မြစ်ချောင်းအင်းအိုင်ကန်များ စသည့် ရေအရင်းအမြစ်များနှင့် ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်သရိုက်များ၊ ရေဆိုးများ စွန့်ပစ်မှုအပေါ် စောင့်ကြည့်ထိန်းချုပ်ရေးနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရေး စသည်တို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါသည်။

လူတို့၏နေ့စဉ်ဘဝအတွက် အထူးအရေးကြီးသောရေကို စနစ်တကျ ထိန်းသိမ်းအသုံးပြုလုပ်ကိုင်ကြဖို့ လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး ရေရရှိမှုအခြေအနေနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၈၁ ဒသမ ၇ ရာခိုင်နှုန်းသည် အခြေခံ(အနိမ့်ဆုံး) သောက်သုံးရေ ဝန်ဆောင်မှုမှရရှိသောရေကို အသုံးပြုနေကြရသည်။ ၎င်းတို့အနက် အိမ်ထောင်စုအားလုံး၏ ၄၁ ဒသမ ၄ ရာခိုင်နှုန်းသည် သန့်ရှင်းပြီး ဘေးကင်းစင်သော သောက်သုံးရေဝန်ဆောင်မှုကို အသုံးပြုနေကြရသည်။ သန့်ရှင်းပြီး ဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုကိုရယူသုံးစွဲရာတွင် မြို့ပြ၌ ၆၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကျေးလက်၌ ၃၂ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ မြို့ပြအိမ်ထောင်စုအားလုံး၏ ၃ ဒသမ ၇ ရာခိုင်နှုန်းသည် မြေပေါ်ရေဖြစ်သည့် မြစ် ချောင်း ဆည် ကန် တူး မြောင်း လက်တံတို့မှ သောက်သုံးရေအသုံးပြုပြီး ကျေးလက်၌ အိမ်ထောင်စု ၁၅ ဒသမ ၈ ရာခိုင်နှုန်းသည် ယင်းမြေပေါ်ရေကို သောက်သုံးရေအဖြစ်အသုံးပြုသည်။

ထို့ကြောင့် မြို့ပြနှင့်ကျေးလက်ဒေသများ၌ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရေး၊ ရေရှားပါးသည့် မြန်မာပြည်အလယ်ပိုင်းဒေသ၊ တောင်ပေါ်ဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများ၌ မိုးရေကို စုဆောင်းသိုလှောင်မှု၊ မြေပေါ်ရေ သန့်စင်ပေးဝေမှုနှင့် မြေအောက်ရေ ထုတ်ယူသုံးစွဲမှုအတွက် ပိုမိုတိုးတက်ကောင်းမွန်ပြီး ပိုမိုစနစ်တကျဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့်မူ သန့်ရှင်းသောရေ၊ စနစ်ကျသောရေရရှိရေးမှာ များစွာလိုအပ်နေသေးသည်။

သို့ဖြစ်ရာ ပြည်သူများအတွက် အရေးကြီးသော သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို စနစ်တကျကြိုးပမ်းအကောင်အထည်ဖော်ခြင်းဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရေနှင့်ဆက်နွှယ်သော စီးပွားရေး၊ ရေနှင့်ဆက်နွှယ်သော ပတ်ဝန်းကျင်၊ ရေနှင့်ဆက်နွှယ်သော လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပိုမိုသိသာစွာ တဖြည်းဖြည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်တင်ဆက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ (ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ ၇၅ ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ်သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက် ညတွင် ပွဲစဉ်(၉)ကို ဆက်လက်ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂီတမှူး စန္ဒရားမောင်လှအေး တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ကိုအေးသန်း၊ ကေတုဝင်းထွတ်၊ တက္ကသိုလ်ကိုကိုဇော်၊ ချိုမာလေး၊ ခင်ခင်၊ မေသက်ထားဆွေနှင့် ခင်ပိုးပန်းချီတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) လှည့်ပတ်ရန်ပုံငွေများ ပြန်လည်ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ) မြကိုင်းကျေးရွာအုပ်စု ကျုံချိုက်ကျေးရွာ ချေးငွေအရင်း ငွေကျပ် ၆၀၂၀၀၀၀၀ အား ကျေးရွာကော်မတီများထံသို့ ပြန်လည်ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါ ပေးအပ်ပွဲတွင် ကျောက်တန်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးခင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များ တက်ရောက်ကြပြီး မြစိမ်းရောင်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များသို့ မြို့နယ်ဦးစီးမှူး ဦးခင်ဝင်းက လှည့်ပတ်ရန်ပုံငွေများကို ပေးအပ်ခဲ့ပြီး ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များက လက်ခံရယူခဲ့သည်။ ထို့နောက် မြို့နယ်မြစိမ်းရောင် အဖွဲ့ဝင်များနှင့် ကျေးရွာမြစိမ်းရောင်အဖွဲ့ဝင်များက လက်ခံရရှိကြောင်း အသိလက်မှတ်များ ရေးထိုးခဲ့ကြသည်။ ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်နေသည့် ကျေးရွာမြစိမ်းရောင် (ငါးကဏ္ဍ)စီမံကိန်းအား တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောက်တန်းမြို့နယ်သည် မြစိမ်းရောင်ကျေးရွာ ၂၆ ရွာဖြင့် အများဆုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြို့နယ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။**

**တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ ရောင်းရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၀၀၀ | ၂,၄၀၁ | ၂၁,၈၄၇,၈၀၀ |
| MTSH | ၃,၇၅၀ | ၃,၅၀၀ | ၉,၈၆၉ | ၃၄,၄၆၂,၀၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၅၀ | ၄၁၀,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၁,၅၀၀ | ၂၇၆ | ၆,၀၁၅,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၅၅၀ | ၁၄၇ | ၃၈၄,၃၅၀ |
| EFR | ၃,၇၀၀ | ၃,၅၅၀ | ၁၀၅ | ၃၇၇,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၃

ရန်ကုန်(ရွှေဈေး) ၁၃၅၅၀၀၀ မန္တလေး(ရွှေဈေး) ၁၃၅၅၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၈၀/၇၂၀ ကျပ် | ၇၂၀/၇၃၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၇၀/၇၀၅ ကျပ် | ၇၀၅/၇၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၈၀ ကျပ် | ၈၂၅/၈၄၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၃၅/၆၆၅ ကျပ် | ၇၀၀/၇၀၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၆၄၀/၆၄၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၆၅၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၆၃၅/၆၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၂.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၄.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၄၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၃၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၃.၈၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၀၈၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၀.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၄.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၅.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၇၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သမ္မတအိမ်တော်၊ ငုရွှေဝါခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

- ❖ တပ်မတော်အနေဖြင့် အခြေအနေအမျိုးမျိုးကို ကြုံကြုံခဲ့ပြီး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ တာဝန်ယူခဲ့ရခြင်းဖြစ်
- ❖ သို့သော် ဒီမိုကရေစီလမ်းကြောင်းကနေ သွေဖည်ခြင်းမရှိဘဲ၊ ပုံမှန်ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်သွားမည်
- ❖ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်နေသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေ
- ❖ နိုင်ငံတကာကျင့်ဝတ်များနှင့်ပတ်သက်ပြီးလည်း ရပ်ဆိုင်းခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နေမည်
- ❖ နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများအတိုင်း ဆက်လက်ဆောင်ရွက်မည်
- ❖ ယခု ဆက်လက်ပြီး ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကို ဖော်ထုတ်က ရလဒ်အပေါ်မူတည်၍ တာဝန်ရှိသူများကို ရွေးကောက်ပွဲဥပဒေအရ ဆက်လက်ဆောင်ရွက်မည်

❍ ရေှ့ဖုံးမှ

ရှေးဦးစွာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် အသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

### ကိုယ်စားပြုသူများဖြစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ဆောင်ရွက်နိုင်ရန် အတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ယခုတက်ရောက် လာကြသူများအားလုံးသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆောက်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများနှင့် ကုန် ထုတ်လုပ်မှုလုပ်ငန်းများကို ကိုယ်စားပြုသူများဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် တိုင်းပြည်၏ အခြေအနေ အရပ်ရပ်ကြောင့် ယာယီတာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စနစ်တကျ ဖြစ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်မည်ဟု ကြေညာ ထားခြင်းဖြစ်ကြောင်း၊ ယခုအရေးပေါ်ကာလအတွင်း ပုံမှန် လုပ်ဆောင်နေသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကန့်သတ်ပိတ်ပင်ထားမှုမရှိကြောင်း၊ ယခုအချိန်အထိ တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါကူးစက်မှု ၁၀၄ သန်းကျော်၊ မိမိတို့နိုင်ငံတွင် ကူးစက်မှု ၁၄၀၀၀၀ ကျော်ရှိပြီ ဖြစ်ပြီး သေဆုံးသူ ၃၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ မိမိတို့ မသိနိုင်သည့် ကူးစက်နေမှုများလည်း ရှိနိုင်ကြောင်း၊ ထို့ကြောင့် COVID-19 ရောဂါကူးစက်မှုအပေါ် ပညာပေး ခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းများကို ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ကာကွယ်မှုများကို ဆောင်ရွက်ရာတွင် COVID-19 ရောဂါ ပြန့်ပွားမှုအား ထိန်းချုပ်နိုင်ရေးအတွက် အရှိန်ပြင်းပြင်းနှင့် ထိရောက်စွာထိန်းချုပ်ဆောင်ရွက်ရ မည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ချိန်တွင် စီးပွားရေးလုပ်ငန်းများ၊ ပုံမှန်လုပ်ငန်းများကို မထိခိုက်ရန်လည်း ဆောင်ရွက်ရန်လို ကြောင်း၊ COVID -19 ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် လည်း တပ်မတော်မှ များစွာပါဝင်ကူညီဆောင်ရွက်ပေးခဲ့ ကြောင်း၊ တပ်မတော်အနေဖြင့် အခြေအနေအမျိုးမျိုးကို ကြုံကြုံခဲ့ပြီး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုး ကြောင့် ယခုကဲ့သို့ တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ သို့သော် ဒီမိုကရေစီလမ်းကြောင်းကနေ သွေဖည်ခြင်းမရှိဘဲ၊ ပုံမှန်ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ နှင့် ဆက်ဆံဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာ ကျင့်ဝတ် များနှင့်ပတ်သက်ပြီးလည်း ရပ်ဆိုင်းခြင်းမရှိဘဲ ဆက်လက် ဆောင်ရွက်နေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထား သည့် မူဝါဒများအတိုင်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ယခုဆက်လက်ပြီး ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကို ဖော်ထုတ်က ရလဒ်အပေါ်မူတည်၍ တာဝန်ရှိသူများကို ရွေးကောက်ပွဲ ဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲထပ်မံကျင်းပ၍ အနိုင်ရပါတီအား ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ပြုလုပ် ပေးမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) တွင် နိုင်ငံတော်အရေးပေါ်အခြေအနေပြီးဆုံးပါက ၆ လ တာဝန်ယူပြီး ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်ကာ အစိုးရကို အာဏာပြန်လည်လွှဲပြောင်းပေး ရမည်ဖြစ်သည်ဟုပါရှိကြောင်း၊ ရွေးကောက်ပွဲကော်မရှင် ကိုလည်း ဖွဲ့စည်းပြီးဖြစ်ကြောင်း။

### ထိခိုက်လာ

ယခုအချိန်တွင် လုပ်ငန်းများရပ်နားထားသဖြင့် အလုပ်လုပ်သူ အခြေခံလူတန်းစားများ ဝင်ငွေမရှိတော့ဘဲ စားသောက်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး လူမှုစီးပွားဘဝများ ထိခိုက်လာကြောင်း၊ လုပ်ငန်းများ ရပ်တန့်သွားခြင်းကြောင့် လုပ်ငန်းရှင်များမှ ထုတ်ကုန် ပစ္စည်းများမရှိတော့ဘဲ ရောင်းကုန်ပစ္စည်းများ မရှိတော့ ကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များတွင် လုပ်ငန်းလည်ပတ် ရန်အတွက် ပိုက်ဆံမရှိတော့ဘဲ လုပ်ငန်းဆက်လက် လည်ပတ်ရန် အခက်အခဲများဖြစ်ပေါ်လာကြောင်း၊ အဆိုပါ အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်း များအား စည်းကမ်းတကျပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်စေလိုကြောင်း၊ စက်ရုံ၊ အလုပ်ရုံများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စည်းစနစ်တကျကြပ်မတ် ၍ COVID-19 စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကို ပုံမှန်ပြန်လည် လုပ်ဆောင်နိုင်မှသာ အလုပ်သမား၊ အလုပ်ရှင်များ ဝင်ငွေ ရပြီး နိုင်ငံခြားဝင်ငွေများ ပြန်လည်တိုးတက်လာမည်ဖြစ် ကြောင်း။

### ဦးစားပေး ဆောင်ရွက်စေချင်

ယခုတွေ့ဆုံသူများသည် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နယ်ပယ်အသီးသီးမှ ကိုယ်စားပြုသူများဖြစ် ကြောင်း၊ တိုင်းပြည်၏စီးပွားရေးနှင့်ပတ်သက်ပြီး လူအများ မှ ပါဝင်ဆောင်ရွက်နိုင်သည့်၊ လူအများ၏ စားဝတ်နေရေးကို အထောက်အကူပြုနိုင်သည့်လုပ်ငန်းများကို ပိုမိုဦးစားပေး ဆောင်ရွက်စေချင်ကြောင်း၊ ဖြစ်နိုင်သည့် နည်းလမ်းများကို တင်ပြစေချင်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ ရထားလမ်း၊ ကားလမ်းနှင့် လေကြောင်း သွားလာမှုများအား စည်းကမ်းချက်များနှင့်အညီ ပြန်လည် ဖွင့်လှစ်ပေးထားကြောင်း၊ ခရီးသွားလာစဉ်ကာလတွင် COVID-19 စည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ လူအများကို ထိခိုက်စေနိုင်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ဦး တစ်ယောက် စည်းကမ်းမလိုက်နာမှုကြောင့် အခြားသူများ အား အနှောင့်အယှက်မဖြစ်ရန်လိုကြောင်း၊ COVID-19 ရောဂါ ကာကွယ်ရေးအတွက် လိုအပ်သည့်အခြေခံပစ္စည်း များအား တတ်နိုင်သမျှ ဈေးနှုန်းအသက်သာဆုံးဖြင့် ဝယ်ယူ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက နိုင်ငံတော် မှ အခမဲ့ပေးဝေနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါကာကွယ်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

ဗုဒ္ဓဘာသာဆိုင်ရာ စေတီ၊ ပုထိုးများနှင့် အခြား ဘာသာရေးဆိုင်ရာ အဆောက်အအုံများကိုလည်း ဘာသာရေး အခမ်းအနားများပြုလုပ်ခြင်းမှအပ COVID-19 စည်းကမ်းချက် များနှင့်အညီ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း၊ ထို့အတူ စက်ရုံ၊ အလုပ်ရုံများကို ပြန်လည်ဖွင့်လှစ် ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်စေချင် ကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများသည် လူအများ ၏ စားသောက်ရေးအတွက် အထောက်အကူပြုကြောင်း၊ ကမ္ဘာပေါ် တွင် လူဦးရေ ခုနစ်ဘီလီယံကျော်ရှိပြီး နိုင်ငံတိုင်း တွင် စားနပ်ရိက္ခာလိုအပ်ချက်များသည် အမြဲရှိနေကြောင်း၊ အဆိုပါစားနပ်ရိက္ခာ လိုအပ်ချက်များအား မိမိတို့နိုင်ငံမှ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် စားသောက်ကုန် များကို တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် မိမိတို့၏ စားသောက် ကုန်များသည် အရည်အသွေးကောင်းမွန်နေရန်လိုပြီး ဓာတုပစ္စည်းပါဝင်မှုကိုလည်း လက်ခံနိုင်သည့်အခြေအနေကို ကျော်လွန်၍မရဘဲ ဈေးကွက်မှ လက်ခံနိုင်သည့် အရည် အသွေးမျိုးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဖြစ်နိုင်ပါ က အမြတ်ရရှိရေးထက် အရေအတွက်ပိုမိုရောင်းချနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် အကျိုးအမြတ်အနည်းဆုံးနှင့် များများ ရောင်းချနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### ပြန်လည်ခွင့်ပြုပေးမည်

လူအများဆောင်ရွက်ရသည့် အထည်ချုပ်လုပ်ငန်းများ ကိုလည်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ကုန်များကို မိတ်ဆွေနိုင်ငံများ မှတစ်ဆင့် တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ ကောလာဟလသတင်းများထွက်ပေါ်မှု ကြောင့် ဘဏ်လုပ်ငန်းဆိုင်ရာအခက်အခဲများ မဖြစ်ပေါ် အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည် စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် နိုင်ငံတော် အနေဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်၍ ပေးမည်ဖြစ် ကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ခွင့်ပြု ပေးမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းများကိုလည်း အကန့်အသတ်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယိမ်းယိုင်နေသည့် စီးပွားရေးများကို ယခုတက်ရောက် လာကြသည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၏ အားကိုယူ၍ နိုင်ငံတော်၏ စီးပွားရေးပြန်လည်တိုးတက် ကောင်းမွန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတကာ ဆက်ဆံရေး များအား ယခင်ဆောင်ရွက်ခဲ့သည့် မူဝါဒများအတိုင်း ပြောင်းလဲမှုမရှိဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်း မင်းဒင်၊

စာမျက်နှာ ၄ သို့ ❐

- ❖ ဗုဒ္ဓဘာသာဆိုင်ရာ စေတီ၊ ပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ ကိုလည်း ဘာသာရေးအခမ်းအနားများ ပြုလုပ်ခြင်းမှအပ COVID-19 စည်းကမ်းချက် များနှင့်အညီ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးမည်
- ❖ စက်ရုံ၊ အလုပ်ရုံများကို ပြန်လည်ဖွင့်လှစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက် စေချင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အဖွဲ့အစည်းများကို တာဝန်ပေးခြင်းများရှိကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများအား ဖြေရှင်းပေးရန်နှင့် ယင်းသို့ ဖြေရှင်းဆောင်ရွက်ပြီးမှသာ ကျန်ရှိသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် တပ်မတော်အနေဖြင့် တောင်းဆိုခဲ့ကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ယင်းအဆင့်မှာ မဖြစ်နိုင်ခဲ့ဘဲ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်တွင် အရေးပေါ်အခြေအနေကြေညာသည့်အဆင့်အထိ ရောက်ခဲ့ရကြောင်း၊ မိမိတို့လိုလားချက်မှာ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့သည့် မဲစာရင်းနှင့်ပတ်သက်၍ အခြေအနေ အမှန်အတိုင်းဖြစ်စေရန်အတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းမှာ ဥပဒေအတိုင်း လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဒုတိယအနေဖြင့် ယခုကဲ့သို့ အရေးပေါ်အခြေအနေကြေညာသော်လည်း လုပ်ငန်းများ ရပ်ဆိုင်းထား၍မရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးပါကြောင်း၊ ဝန်ကြီးများ တာဝန်ပေးအပ်ရာတွင် လုပ်ငန်းအတွေ့အကြုံရှိသူ၊ အရည်အချင်းရှိသူ ပုဂ္ဂိုလ်များကိုသာ ရွေးချယ်တာဝန်ပေးခြင်းဖြစ်ကြောင်း။

**အသုံးချဆောင်ရွက်ပေးစေလို**

အလားတူ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား တာဝန်ပေးအပ်ရာတွင်လည်း အတွေ့အကြုံရှိသူ၊ အရည်အချင်းရှိသူ၊ မိမိတို့သွားနေသည့် လမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်မည့်သူများကို စဉ်းစားကာ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နေရာအားလုံးမှာ အရေးကြီးသည့် နေရာများဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များအားလုံး စည်းကမ်းနှင့်အညီ ဖြစ်စေရန်လိုအပ်ပါကြောင်း၊ ထို့ပြင် စည်းကမ်းနှင့်လုပ်သည်ဆို၍ အရှိန်ရပ်နေ၍ မရပါကြောင်း၊ လုပ်စရာရှိသည်များ ရှေ့ဆက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကြေညာသည့် အရေးပေါ်ကာလသည် တစ်နှစ်သာဖြစ်ပါကြောင်း၊ တစ်နှစ်ဖြစ်သည့်အတွက် တစ်နှစ်အတွင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းမှာ ကာလတို၊ ကာလရှည် လုပ်ဆောင်ရမည့် အရာများရှိပါကြောင်း၊ အဓိကအားဖြင့် ကာလတိုအတွင်း လတ်တလောဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို စည်းကမ်းနှင့်အညီ ထက်ထက်မြက်မြက်ဆောင်ရွက်ပေးနိုင်ရေးအတွက် မိမိတို့အတွေ့အကြုံများအား အသုံးချဆောင်ရွက်ပေးစေလိုကြောင်း။

မိမိအနေဖြင့် တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များသည် အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များကို ရွေးချယ်တာဝန်ပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် အကောင်းဆုံးဖြစ်ရန် ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်အားထားပါကြောင်း၊ အားလုံးမိမိတို့နှင့်အတူ လက်တွဲလုပ်ဆောင်ပေးရန် မေတ္တာရပ်ခံကြောင်း၊ တပ်မတော် စတင်တာဝန်ယူကတည်းက ကြေညာပြီးဖြစ်ကြောင်း၊ မိမိတို့သည် ခေတ္တထိန်းပေးသည့် သဘောဖြစ်ကြောင်း၊ ခေတ္တထိန်းပေးရာတွင် နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် မူဝါဒ၊ စီးပွားရေးနှင့်ပတ်သက်သည့် မူဝါဒလုံးဝပြောင်းလဲမည် မဟုတ်ကြောင်း၊ လက်ရှိသွားနေသည့် နိုင်ငံရေးလမ်းစဉ်အပေါ်တွင် လုံးဝပြောင်းလဲခြင်းမရှိကြောင်း၊ ယင်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ကို ပြောကြားလိုကြောင်း၊ ယင်းအတွက် တိုင်းပြည်၊ ပြည်သူလူထုအနေဖြင့် ပူပန်ကြောင့်ကြစွာဖြင့် ရှိနေချိန်တွင် မိမိတို့၏လုပ်ဆောင်ချက်ဖြင့် ပြည်သူများအား စိတ်အေးလက်အေးနှင့် အလုပ်လုပ်ကိုင်နိုင်ရန် ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း။

**ပြောကြားထားပြီးဖြစ်**

မိမိတို့အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒအနေဖြင့် ပြောင်းလဲစရာ အကြောင်းမရှိကြောင်း၊ ဆောက်လုပ်ဆဲ လမ်း၊ တံတားလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် လုပ်ဆောင်နေသည့် ကိစ္စရပ်များ၊ ဝန်ကြီးဌာနများနှင့် လုပ်ဆောင်နေသည့် ကဏ္ဍများရှိကြောင်း၊ ယင်းလုပ်ငန်းများကို စည်းကမ်းနှင့်အညီ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများထဲတွင် တိုင်ကြားမှုများရှိသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများကို ပြန်လည်စိစစ်ပြီးမှ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်ကြားမှုများ၊ ပြဿနာများ မရှိဘဲ တိုင်းပြည်အတွက် အကျိုးရှိအောင်လုပ်ဆောင်နေသည့် လုပ်ငန်းများကို ဆက်လက်ခွင့်ပြုသွားရမည် ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို မရပ်ထားဘဲ ဆက်လက်လုပ်ဆောင်ရန် လုပ်ငန်းရှင်များကို ပြောကြားထားပြီးဖြစ်ပါကြောင်း။

သို့မှသာ လုပ်သားများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိကြမည်ဖြစ်ကြောင်း၊ ဝင်ငွေရရှိမှ လူမှုစီးပွားများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း COVID-19 နှင့်ပတ်သက်ပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များကို အလေးထားလိုက်နာရမည်ဖြစ်ကြောင်း၊ မလေးစား၊ မလိုက်နာသည့် လုပ်ငန်းများကို ရပ်ဆိုင်းရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်သည့်အခါ ကိုဗစ်ကာကွယ်ရေးနည်းလမ်းများနှင့် လုပ်ငန်းခွင်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာကြရန်လိုအပ်ကြောင်း၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်လျှင် မိမိတို့အနေဖြင့် ခွင့်မပြုနိုင်စရာ အကြောင်းမရှိကြောင်း။

တိုင်းပြည်အတွက် မှန်မှန်ကန်ကန် လုပ်ဆောင်ပေးကြရန်နှင့် စာရင်းဇယားများ မှန်မှန်ကန်ကန်ဖြစ်ရန် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြောကြားပြီး ဖြစ်ပါကြောင်း၊ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများအားလုံးကို စာရင်းဇယား အတိုင်း၊ စာရင်းစစ်၏ Process အတိုင်း မှန်မှန်ကန်ကန် စစ်ဆေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ညှိ၍ဆောင်ရွက်ခြင်းများ ဖြစ်မလာစေရန် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေတို့က ဌာနအလိုက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် COVID-19 ကပ်ရောဂါကြောင့် မိမိတို့နိုင်ငံ၏ စီးပွားရေး တုံ့ဆိုင်းလျက်ရှိကြောင်း၊ ထို့ကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပို့ဆောင်ဆက်သွယ်ရေး စသည့်ကဏ္ဍများအားလုံးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပြင်ပတွင် ကောလာဟလ သတင်းများ ထွက်ပေါ်နေသည့် ၅၀၀၀ ကျပ်တန်နှင့် ၁၀၀၀၀ ကျပ်တန် ငွေစက္ကူများ ဖျက်သိမ်းမည်ဆိုသော သတင်းမှားများ ပျံ့နှံ့ခဲ့မှုကြောင့် အဆိုပါ သတင်းများမှန်ကန်မှု မရှိကြောင်းကို နိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် ဌာနများ၊ အဖွဲ့အစည်းများ၏ အဆုံးအဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် လုပ်ငန်းများကို အရှိန်အဟုန်ပြင်းပြင်းဖြင့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ရဲရဲတင်းတင်း မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသတိုးဟိန်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်သိန်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းတို့က အသင်းအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် အကူအညီများကိုလည်း တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဓိကမှာကြားလိုသည်မှာ COVID-19 ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် တိုင်းပြည်အတွက် ကောင်းစေချင်သည့် စိတ်ဆန္ဒများဖြင့်ပြောဆို ဆွေးနွေးကြသည်ကို တွေ့ရှိရကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရအပိုင်းက လုပ်ဆောင်ရမည့်အပိုင်းများရှိသကဲ့သို့ တက်ရောက်လာသူများအပိုင်းမှ လုပ်ဆောင်ရမည်များလည်း ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည်များဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးအား ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ငွေစက္ကူများအား စိတ်ချယုံကြည်စွာ ဆက်လက်သုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အသိပေးကြေညာချက်**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**

**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)**

၁။ နိုင်ငံတော်မှတရားဝင်ထုတ်ဝေထားသော ကျပ်(၅,၀၀၀)တန်နှင့် ကျပ်(၁၀,၀၀၀)တန် ငွေစက္ကူများအား တရားမဝင်သတ်မှတ်ပြီး ပြန်လည်သိမ်းဆည်းမည်ဆိုသည့် ကောလာဟလသတင်းအမှားများ ပြင်ပတွင် ထွက်ပေါ်လျက်ရှိကြောင်း စိစစ်သိရှိရပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ဘဏ်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့ ညွှန်ကြားပြီးဖြစ်ကြောင်း ၃-၂-၂၀၂၁ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သဖြင့် ထွက်ပေါ်နေသောသတင်းသည် အခြေအမြစ်မရှိသောသတင်းသာ ဖြစ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(င)တွင် **“နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု”** ဟု ပြဋ္ဌာန်းထားသည့်အတွက် ပြည်သူလူထုအနေဖြင့် ပြင်ပ၌ ဖြစ်ပေါ်နေသော ကောလာဟလသတင်းများအား ယုံကြည်မှုမရှိဘဲ ကျပ် (၅,၀၀၀)တန်နှင့် ကျပ်(၁၀,၀၀၀)တန် ငွေစက္ကူများအား စိတ်ချယုံကြည်စွာ ဆက်လက်သုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များအား တာဝန်မှရပ်စဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၁၃ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

**တာဝန်မှရပ်စဲခြင်း**

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အောက်ဖော်ပြပါ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များအား ယနေ့မှစ၍ တာဝန်မှရပ်စဲလိုက်သည် -

(၁) ဦးရဲမင်းဦး — ဒုတိယမြို့တော်ဝန်
(၂) ဦးအေးမြင့် — ကော်မတီဝင် (၁)
(၃) ဦးမင်းသူ — ကော်မတီဝင် (၂)
(၄) ဒေါ်စံပယ်ထွေး — ကော်မတီဝင် (၃)
(၅) ဦးမင်းသိမ်း — ကော်မတီဝင် (၄)
(၆) ဦးဆန်းနိုင် — ကော်မတီဝင် (၅)
(၇) ဦးကျော်ဇင်လတ် — ကော်မတီဝင် (၆)

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၁၄ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်-

(က) ဒေါ်အေးနုစိန် — အဖွဲ့ဝင်
(ခ) Jeng Phang နော်တောင် — အဖွဲ့ဝင်
(ဂ) ဦးမောင်းဟာ — အဖွဲ့ဝင်
(ဃ) ဦးစိုင်းလုံးဆိုင် — အဖွဲ့ဝင်
(င) စောဒန်နီယယ် — အဖွဲ့ဝင်

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၁၅ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးတင်ထွန်းဦး — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၂) ဗိုလ်ချုပ်ကြီး တင်အောင်စန်း — ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
(၃) ဒေါက်တာပွင့်ဆန်း — စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(၄) ဦးစောထွန်းအောင်မြင့် — တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၁၆ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလိုက်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(၁) စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ — ဥက္ကဋ္ဌ
(၂) တပ်မတော်အရာရှိကြီး(၁)ဦး — အဖွဲ့ဝင်
(၃) ဒေသကိုယ်စားပြုသူ(၁)ဦး သို့မဟုတ်(၂)ဦး — အဖွဲ့ဝင်
(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး — အဖွဲ့ဝင်
(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၇ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလိုက်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် –

| | | |
|---|---|---|
| (၁) | စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | တပ်မတော်အရာရှိကြီး(၁)ဦး | အဖွဲ့ဝင် |
| (၃) | ဒေသကိုယ်စားပြုသူ(၁)ဦး | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၆) | သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး | အတွင်းရေးမှူး |

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၈ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးလိုက်သည် –

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | တပ်မတော်အရာရှိ(၁)ဦး | အဖွဲ့ဝင် |
| (၃) | ဒေသကိုယ်စားပြုသူ(၁)ဦး | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူး | အတွင်းရေးမှူး |

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၉ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးလိုက်သည် –

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | တပ်မတော်အရာရှိ(၁)ဦး | အဖွဲ့ဝင် |
| (၃) | ဒေသကိုယ်စားပြုသူ(၁)ဦး | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူး | အတွင်းရေးမှူး |

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၂၀ / ၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အကျဉ်းဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းအား ယင်းဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အောင်မြေသာစံမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာနတွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေမည့် ပညာပေးရက်တိုသင်တန်း ဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းအား သင်တန်းသား ၁၆ ဦးဖြင့် လုပ်ငန်းခွင်မပျက် တစ်ရက်လျှင် တစ်နာရီနှုန်းဖြင့် သင်တန်းကာလ သုံးရက်အတွင်း သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များအပြင် ရုံးလုပ်ငန်းလက်စွဲတို့အား သင်တန်းနည်းပြ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးကျော်ဆန်းလင်းက ပို့ချပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## မြန်မာ့မီးရထားမှ ယာယီရပ်နားထားသော ခရီးဝေးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ပြန်လည်ပြေးဆွဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ယာယီရပ်နားထားသော ခရီးဝေးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များနှင့်အညီ ခရီးသွားလာမှုကန့်သတ်ချက်များအရ ရထားနှင့်ခရီးသည်စီးနင်းမှု လျော့နည်းသွားသဖြင့် ခရီးဝေးရထားများတွင် စာပို့ရထား ခြောက်စင်း၊ ပါဆယ်ရထား လေးစင်းနှင့် ကုန်ရထားများပြေးဆွဲပေးလျက်ရှိပြီး မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်းများတွင် တွဲဆိုင်းသုံးဆိုင်းဖြင့် ခေါက်ရေ ၁၂ ခေါက်သာ ပြေးဆွဲပေးလျက်ရှိသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းလာပြီဖြစ်သည့်အတွက် ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရန် ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်၊ ရန်ကုန်-ပြည်၊ မန္တလေး-လားရှိုး စသည့်ရထားလမ်းပိုင်းများနှင့် အခြားလမ်းပိုင်းအသီးသီးတွင် လူစီးအမြန်ရထား၊ လူစီးစာပို့ရထား၊ လူစီးကုန်တင်ရထား၊ ခရီးတိုရထားများနှင့် ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးရထားခရီးစဉ်များကို ဖေဖော်ဝါရီ ၄ ရက်မှစ၍ ရထားစင်းရေ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ယင်းကဲ့သို့ ရထားများပြေးဆွဲပေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ Social Distancing ရှိရေးအတွက် ဘူတာအဝင်နှင့် ရထားပေါ်တွင် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဘူတာအဝင် လက်ဆေးခုံများ၌ လက်ဆေးစေခြင်း၊ နှာခေါင်းစည်းတပ်ဆင်ပြီးမှ ဘူတာအတွင်းနှင့် ရထားပေါ်သို့ တက်ရောက်စေခြင်း၊ Social Distancing အတွက် နှစ်ယောက်ထိုင်နိုင်သော ထိုင်ခုံတစ်ခုံ၌ ခရီးသည် တစ်ဦးသာထိုင်စေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစဉ် ရထားလမ်းကွန်ရက်တစ်လျှောက်တွင် လူစီးအမြန်ရထားအစင်း ၄၀၊ လူစီးစာပို့ရထား ၅၂ စင်း၊ လူစီးကုန်တင်ရထား ၄၈ စင်း၊ ခရီးတိုရထား ၁၆ စင်းတို့ဖြင့် ခရီးဝေးရထား စုစုပေါင်း ၁၅၆ စင်းနှင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများကို တွဲဆိုင်း ၂၁ ဆိုင်းဖြင့် ၁၆၈ ခေါက် ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ”မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။






## ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် Convergence News Room၊ MCRI တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း ထုတ်လွှင့်ရေးခန်းများ၊ သတင်းစတူဒီယိုများနှင့် Central Equipment Room (CER), MRTV Webportal၊ Earth Station၊ ရေဒီယိုဓာတ်ပြားတိုက်၊ Radio Master Control Room တို့တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သတင်းများ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ထုတ်လွှင့်နိုင်ရေး၊ အများအယွင်းကင်းစင်စေရေးတို့အတွက် ဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

လတ်တလောဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လက်ရှိဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပထမလှိုင်းတွင် မိမိတို့ ကျန်းမာရေးဝန်ထမ်းအားလုံးနှင့် ပြည်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်ခဲ့ပြီး ယခု ဒုတိယလှိုင်းဖြစ်ပွားမှုများမှာလည်း ဖြစ်ပွားမှုအရေအတွက် သိသာစွာကျဆင်းလာနေပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ လျော့နည်းကျဆင်းလာလျက်ရှိသော်လည်း ပေါ့ဆ၍မရပါကြောင်း၊ ဆက်လက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ၊ Mask and Face Shield Campaign နှင့် Yellow Campaign ကဲ့သို့သော ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြင့်မားလာစေရေးလုပ်ငန်းများကို ယခုထက် ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရောဂါ ရှိ/ မရှိ စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း အရေအတွက် ပိုမိုများပြားစွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိမိတို့ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၊ အခြားသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကိုပါ ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် ဆောင်ရွက်သူများအားလုံးနှင့် ကူညီပံ့ပိုးပေးသူအားလုံးကို အထူးကျေးဇူးတင်ရှိ အသိအမှတ်ပြုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း မူလအစီအစဉ်အတိုင်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာလိုအပ်ချက်များရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးဆိုင်ရာ သုံးစွဲခြင်းများကိုလည်း စနစ်တကျအလေအလွင့်မရှိ သုံးစွဲကြစေလိုပါကြောင်း၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများသည် လုပ်ငန်းအတွေ့အကြုံများစွာ ရှိကြသူများဖြစ်၍ စနစ်တကျစီမံခန့်ခွဲ၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း၊ မိမိတို့အားလုံးသည် ပြည်သူများ၏ ကျန်းမာရေးကို အဓိကစောင့်ရှောက်ပေးရန် တာဝန်ရှိသည်ကို အားလုံးမှ သိရှိနားလည်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးအကြံပြုမှုများအလိုက် အသေးစိတ် ပြန်လည်ဆွေးနွေးသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက် ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများအား တိုင်းတာရေးရေယာဉ် MV.FUGRO EQUATOR (Call Sign: C6ZT5) ရေယာဉ်ဖြင့် Point A. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ ဒသမ ၉၇၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ ဒသမ ၂၉၇ မိနစ်၊ Point B. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၀ ဒသမ ၀၆၇ မိနစ်၊ Point C. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ ဒသမ ၀၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၄၃ ဒသမ ၉၃၉ မိနစ်၊ Point D. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၁ ဒသမ ၆၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၃ ဒသမ ၁၇၆ မိနစ်တို့တွင် (၂၀-၂-၂၀၂၁) ရက်နေ့မှ (၃၁-၃-၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၀-၂-၂၀၂၁) ရက်နေ့မှ (၃၁-၃-၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

■

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုနေ့နှင့် တစ်နွယ်ငင်၍

## တက္ကသိုလ်ဝင့်မာ

ပြည်ထောင်စုနေ့ဆိုသည်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အသည်းနှလုံးဖြစ်သည့် သမိုင်းမော်ကွန်းဝင်နေ့တစ်နေ့ဖြစ်ပါသည်။ ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများ၊ ကိုယ်တွေ့အမှတ်တရများ စသည့် အခြင်းအရာများထဲမှ ပြည်ထောင်စုနေ့နှင့် ကျွန်မ၏ဘဝ တစ်စိတ်တစ်ပိုင်း ဆက်နွယ်ပတ်သက်မှုကို အမှတ်တရဖော်ပြလိုပါသည်။

ကိုယ်ရေးကိုယ်တာဆန်နိုင်သော်လည်း ပြည်ထောင်စုနေ့နှင့်ဆက်စပ်ပတ်သက်မှုကို ရေးသင့်သည်ဟု တွေးဆပြီး ရေးရခြင်းဖြစ်သည်။ ဆက်စပ်ပတ်သက်မှုကို ရေးရင်း အခြားကိုယ်ရေးကိုယ်တာ အကြောင်းများလည်းပါဝင်နေသောကြောင့် ၂၃-၁၂-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကျွန်မ၏ "ရန်ကုန်တက္ကသိုလ်ရဲ့ သားကောင်းတစ်ဦး" ဆောင်းပါးအဆက်ဟုလည်း ဆိုနိုင်ပါသည်။ ပြည်ထောင်စုနေ့နှင့်ပတ်သက်နေသူ နှစ်ဦးကတော့ ဖိုးကျော်မြင့်နှင့် ကျွန်မ မာလေးတို့ပဲဖြစ်ပါသည်။

ပန်းတနော်သား ဖိုးကျော်မြင့်၏ မွေးနေ့က ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ဖြစ်သည်။ သူ့မွေးနေ့ သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပေါ်ပေါက်လာသော ပြည်ထောင်စုနေ့နှင့် တိုက်တိုက် ဆိုင်ဆိုင် ဖြစ်နေပါသည်။ ကျွန်မကတော့ ပြည်ထောင်စု နေ့တွင် မဟုတ်သော်လည်း ပြည်ထောင်စုလတွင် မွေးဖွားသည့် ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက် ဖွား (ရှမ်းပြည်နယ်နေ့ဖွား) ဖြစ်ပါသည်။

### လက်ဆင့်ကမ်းလှည့်လည်သယ်ဆောင်

၁၉၇၀ ပြည့်နှစ် (၂၃) ကြိမ်မြောက်ပြည်ထောင်စုနေ့ ဖြစ်ပါသည်။ ထိုခေတ်က ပြည်ထောင်စုနေ့ကို တာမွေမြို့နယ် ကျိုက္ကဆံကွင်းကြီးထဲတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပပါသည်။ တိုင်းနှင့်ပြည်နယ် ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ ဇာတ်သဘင်၊ ရုပ်ရှင်၊ ဂီတပဒေသာ ပျော်ပွဲရွှင်ပွဲများ၊ စားသောက်ဆိုင်များဖြင့် တစ်ပတ်ဆယ်ရက် (ထပ်တိုးရက် အပါအဝင်) ကျင်းပလေ့ရှိသည်။ ထို့ပြင် ပြည်ထောင်စုအလံတော်သယ်ယူပွဲ အခမ်းအနားနှင့် ပြည်ထောင်စုအလံတော် သိမ်းဆည်းပွဲအခမ်းအနားများလည်းရှိပါသည်။ ရန်ကုန်မြို့တော်ခန်းမတွင် ပြီးခဲ့သည့်နှစ်က ရပ်နားသိမ်းဆည်းထားသော ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုနေ့မတိုင်မီရက်များအတွင်း တိုင်းနှင့်ပြည်နယ်များသို့ လက်ဆင့်ကမ်းလှည့်လည်သယ်ဆောင်ပြီးနောက် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်(မင်္ဂလာဒုံမြို့နယ်) သို့ပြန်လည်ရောက်ရှိပါသည်။ တစ်ညတာ ရပ်နားပြီးနောက် အလံတော်ကိုဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ပြည်ထောင်စုနေ့ကျင်းပရာ ကျိုက္ကဆံကွင်းသို့ မွန်းလွဲပိုင်းမှာ သယ်ဆောင်ပါသည်။ ပြည်ထောင်စုနေ့အခမ်းအနားကို ညနေပိုင်းတွင် ကျင်းပပါသည်။ ပြည်ထောင်စုနေ့ ပြီးသည်နှင့် နောက်နေ့တွင် ပြည်ထောင်စုအလံတော်ကို မြို့တော်ခန်းမသို့ အခမ်းအနားဖြင့် သယ်ဆောင်ပြီး အလံတော်သိမ်းဆည်းပွဲ အခမ်းအနားဖြင့် မြို့တော်ခန်းမဆောင်ထိပ်တွင် တစ်နှစ်တာ သိမ်းဆည်းထားရှိပါသည်။

ကျိုက္ကဆံကွင်းတွင် ကျင်းပသော ထို ၁၉၇၀ ပြည့်နှစ် (၂၃) ကြိမ်မြောက် ပြည်ထောင်စုနေ့လူထုအစည်းအဝေး အခမ်းအနားတွင် ဦးသန့်စင်(နိုင်ငံရေးသိပ္ပံဌာနမှူး၊ ပညာရေးတက္ကသိုလ်)နှင့် ဦးဖိုးကျော်မြင့်(ကထိက၊ မြန်မာစာဌာန၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်)တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။ ဗိုလ်ချုပ်ပန်းခြံ၊ ကန္ဒေဒီကျွန်း၊ အင်းယားကျွန်းသာယာ စသည့် ဆိုင်ရာစုရပ်အသီးသီးမှ ကျိုက္ကဆံကွင်းသို့ ချီတက်ရောက်ရှိနေကြသော နယ်မြေဒေသစိတ်အသီးသီးမှ လုပ်သားပြည်သူများ အလယ်တွင် ကျွန်မတို့ တက္ကသိုလ် မြန်မာစာဌာနသားများလည်း ရှိနေကြသည်။ ရေဖျန်းထား၍ စိုထိုင်းထိုင်းဖြစ်နေသော ကွင်းမြေပေါ်တွင်ထိုင်ရင်း အခမ်းအနားစတင်ချိန်ကို စောင့်နေကြပါသည်။



ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ ၁၉၇၀ ပြည့်နှစ် (၂၃)ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ဦးဖိုးကျော်မြင့် ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာစဉ်။

### ယနေ့တိုင် ကြားယောင်မြင်ယောင်

မင်္ဂလာဒုံမြို့နယ်မှ မွန်းလွဲပိုင်းတွင် လက်ဆင့်ကမ်းသယ်ဆောင်လာသော ပြည်ထောင်စုအလံတော်သည် ညနေ ၅ နာရီတွင် ကျိုက္ကဆံကွင်းသို့ရောက်ရှိလာပြီး ဗဟိုစင်မြင့် ငွေဖလားတွင် စိုက်ထူထားရှိပါသည်။ အခမ်းအနားစတင်၍ အခမ်းအနားအစီအစဉ်များ ကြေညာနေသော အခမ်းအနားမှူး၏ အသံထွက်ပေါ်လာသောအခါ အရှေ့ကပ်လျက်အုပ်စုထဲတွင်ရှိနေသော ဆရာဦးရွှေသွင်က "မာ – ဒီအသံက ကိုကျော်မြင့်အသံနဲ့ တူလိုက်တာ" ဟု လှမ်းပြောသည်ကို ကျွန်မ အမှတ်ရနေပါသည်။ သူအခမ်းအနားမှူးလုပ်သည်ကို ဌာနသားများ ကြိုတင်သိမထားကြပါ။ အခမ်းအနားမှူးတာဝန် ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည့်အတွက် သူဝမ်းမြောက်ဂုဏ်ယူလျက်ရှိပါသည်။ ပွဲမဝင်ခင်အပြင်က ကျင်းပဆိုသကဲ့သို့ ဝီရိယ လုံ့လစိုက်ထုတ် ဆောင်ရွက်တတ်သူ ဖိုးကျော်မြင့်သည် အခမ်းအနားတွင် သူဆိုရမည့် "အလေးပြု" ဟူသောစကားကို ၂၈၁ ရွှေဂုံတိုင်ခြံ၏ ခေါင်းရင်းဘက်မှာ သုံးလေးရက်ကြိုတင်၍ အကြိမ်ကြိမ်လေ့ကျင့်သော သူ့အသံနှင့် ဦးညွှတ်သောသူ့ကိုယ်ဟန်တို့ကို ယနေ့တိုင် ကြားယောင်မြင်ယောင်နေပါသည်။

ထို့ပြင် ပြည်ထောင်စုနေ့ကျင်းပပြီးစီးပြီးနောက် ဖေဖော်ဝါရီလ ၁၄ ရက် ပြည်ထောင်စုအလံတော်ကို ကျိုက္ကဆံကွင်းမှ မြို့တော်ခန်းမသို့ အခမ်းအနားဖြင့် သယ်ဆောင်ရာတွင် ဦးဖိုးကျော်မြင့် တာဝန်ပေးခြင်းခံရပါသည်။ ထိုနေ့ နံနက် ၇ နာရီတိတိတွင် ဦးဖိုးကျော်မြင့်သည် ကျိုက္ကဆံကွင်း ဗဟိုစင်မြင့်ငွေဖလားတွင် စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို ငွေဖလားနှင့်အတူ ယူဆောင်၍ စင်မြင့်လှေကားထိပ်တွင် အသင့်ရှိနေသည့် အမိုးဖွင့်မော်တော်ယာဉ်ပေါ်သို့ သယ်ယူပါသည်။ ဦးဖိုးကျော်မြင့်ကို ပြည်ထောင်စုသူ အမျိုးသမီး ၁၂ ဦးတို့က ယာဉ်ပေါ်တွင် ဝဲ၊ ယာတစ်ဖက်တစ်ချက်မှ ခြောက်ဦးစီ ခြံရံ၍လိုက်ပါကြသည်။

အလံတော် သယ်ယူလာသည့် ယာဉ်နှင့်တကွ ရှေ့ပြေးယာဉ်ထိန်းရဲမော်တော်ဆိုင်ကယ်၊ အလံတော်လုံခြုံရေး မော်တော်ဆိုင်ကယ်အဖွဲ့၊ အလံတော်ဝဲ၊ ယာရှေ့နောက်လုံခြုံရေး မော်တော်ဆိုင်ကယ်အဖွဲ့၊ အလံတော်သယ်ဆောင်သည့် ပြည်ထောင်စုသူများ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်များ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်များ၊ သူနာပြုယာဉ်၊ လုံခြုံရေးယာဉ်နှင့် ပြည်သူ့ရဲတပ်ဖွဲ့မှ ကြိုးမဲ့ဆက်သွယ်ရေးယာဉ်များပါဝင်သော ယာဉ်တန်းရှည်ကြီးသည် ကျိုက္ကဆံကွင်း အမှတ် (၆)ဂိတ်မှထွက်၍ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ရွှေဂုံတိုင်လမ်း၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဦးထောင်ဘိုလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ ဗိုလ်ချုပ်လမ်း၊ ထိုမှတစ်ဆင့် ဆူးလေဘုရားလမ်းအတိုင်း အလံတော်ကို သယ်ယူလာရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြို့တော်ခန်းမသို့ ရောက်ရှိပါသည်။

ပြည်ထောင်စုအလံတော်ကို ယာဉ်ပေါ်မှနေ၍ ဦးဖိုးကျော်မြင့်က ပြည်ထောင်စုသူ အမျိုးသမီး ၁၂ ဦးခြံရံ၍ မြို့တော်ခန်းမအပေါ်သို့သယ်ဆောင်ရာ အလံတော်နောက်မှ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ပြည်ထောင်စုတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင် အမျိုးသမီးများ လိုက်ပါကြသည်။ ပြည်ထောင်စုအလံတော်ကို တစ်နှစ်တာ သိမ်းဆည်းထားရှိမည့် မြို့တော်ခန်းမဆောင်ထိပ်သို့ ရောက်သောအခါ ဦးဖိုးကျော်မြင့်က (၃၆) ကြိမ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၏ကိုယ်စား အလံတော်ကြိုဆိုရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှမိုးထံသို့ အလံတော်လွှဲပြောင်းပေးအပ်လိုက်သည်။ ထို့နောက် အလံတော်သိမ်းဆည်းရေး အခမ်းအနားဖြင့် ဒုတိယဗိုလ်မှူးကြီးလှမိုးက အလံတော်ကို ငွေဖလားနှင့်အတူ မြူနီစီပယ်မင်းကြီး (မြို့တော်ဝန်) ဗိုလ်မှူးကြီးမျိုးအောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

မြူနီစီပယ်မင်းကြီး ဗိုလ်မှူးကြီးမျိုးအောင်က အလံတော်စိုက်ထားသော ငွေဖလားကို ပိုးကတ္တီပါနီညိုရောင်ဖြင့် မွမ်းမံပြင်ဆင်ထားသည့် ခုံမြင့်ပေါ်၌ ထားရှိလိုက်ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းပါသည်။ ထိုနေ့ နံနက်က ရွှေဂုံတိုင်လမ်းမကြီးမှ ဖြတ်သန်း၍ အလံတော်သယ်ဆောင်လာရာ မိမိတို့ခြံရှေ့အရောက်တွင် ကျွန်မနှင့်အတူ ထွက်ကြည့်အားပေးနေသော ကလေးများက "ဟိုမှာ ဖေဖေ"ဟု ဝမ်းသာအားရ လှမ်းအော်ကြသည်။ အလံတော်သယ်ယာဉ်ပေါ်မှ ဦးဖိုးကျော်မြင့်က ငွေဖလားတွင် စိုက်ထူထားသည့် ပြည်ထောင်စုအလံတော်ကို မတိမ်းမယိုင်အောင် ဂရုထားထိန်းကိုင်ရင်း ရှေ့တူရူကြည့်ကာ ပြည်ထောင်စုကြီးအား စိတ်ထဲမှ မေတ္တာပွားလာကြောင်း သူပြောပြ၍ သိရပါသည်။ မြန်မာ့အသံ သတင်းမှာရော သတင်းစာများမှာပါ မြန်မာအမျိုးသားကြီး ဦးဖိုးကျော်မြင့် ဟု သုံးနှုန်းကာ အလံတော်သယ်သတင်းကြေညာဖော်ပြသည်ကို သူအလွန်ဝမ်းသာဂုဏ်ယူကြောင်း ပြောပါသည်။ ဦးဖိုးကျော်မြင့် ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စုအလံတော်သယ်ယူသည့် ဆီဆေးပုံတူကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာမြမြဝင်း (ယခု ရန်ကုန်အဝေးသင်တက္ကသိုလ်)က မူရင်းဓာတ်ပုံကို ကြည့်၍ ရေးဆွဲပါသည်။ ယင်းဆီဆေးပုံတူကို ပန်းတနော်မြို့ရှိ မြန်စာဂုဏ်ဖိုးကျော်မြင့် စာကြည့်တိုက်တွင် ထားရှိရန် လှူဒါန်းထားပါသည်။

### ရှမ်းပြည်နယ် လူထုကိုယ်စားလှယ်တစ်ဦး

နောက်တစ်ခုဖော်ပြလိုသည်က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပင်လုံစာချုပ်တွင် ရှမ်းပြည်နယ်လူထုကိုယ်စားလှယ်တစ်ဦးအနေဖြင့် လက်မှတ်ရေးထိုးခဲ့သော ဦးတင်ဧ(ရှမ်းပြည်)နှင့်ပတ်သက်၍ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ဆရာကြီးဦးဖေမောင်တင်(၁၈၈၈-၁၉၇၃)နှင့် ဆရာဦးသိန်းဟန် (ဆရာဇော်ဂျီ) (၁၉၀၇-၁၉၉၀)တို့သည် ဂုဏ်ထူးဆောင်ပါမောက္ခများအဖြစ် ထမ်းဆောင်ခဲ့ကြသည်။ ဆရာဦးဖေမောင်မှသည် ယခုဒေါက်တာညိမ်းညိမ်းအထိ ၁၇ ဦးသော အစဉ်အဆက် ပါမောက္ခ၊ ဌာနမှူးများတွင် တစ်ဦးအပါအဝင်ဖြစ်သော ဆရာဦးတင်ဧသည် မြန်မာစာဌာနမှာ တစ်နှစ် (၁၉၇၄-၁၉၇၅) တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ဆရာ၏မိခင်ဌာနဖြစ်သော တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနသို့ ပြန်လည်ပြောင်းရွှေ့သွားပါသည်။ ဆရာဦးတင်ဧ မြန်မာစာပါမောက္ခအဖြစ် ထမ်းဆောင်စဉ် လက်နှိပ်စက်စာရေး ဒေါ်သောင်းရွှေက ပါမောက္ခ"တင်အေး"ဟု ရိုက်လိုက်သည့်အတွက် "ကျွန်တော့်နာမည်က "ဆရာဦးဧမောင်" နာမည်စာလုံးပေါင်းသလို အက္ခရာ ဧ"တင်ဧ" ပါ"ဟု ပြင်ခိုင်းသည်ကို အမှတ်ရနေပါသည်။

ကျွန်မ၏ မိခင်ကြီး ဒေါ်စောသည် ၁၅-၃-၁၉၇၇ ရက်နေ့တွင် ကွယ်လွန်ပါသည်။ ဆရာ ဦးတင်ဧနှင့် ဦးသော်ကောင်း (စည်သူဒေါက်တာသော်ကောင်း)တို့ ကျွန်မတို့ ရွှေဂုံတိုင်အိမ်သို့ နာရေးသတင်းမေး ရောက်လာကြသည်။ ဆရာဦးတင်ဧက အားပေးနှစ်သိမ့်စကားပြောရင်း "ဒေါ်မာလေး – ကျွန်တော်တို့ဌာနကို ပြောင်းလာချင်သလား"ဟု ကရုဏာအပြည့်နှင့် မေးပါသည်။ စာသင်ကြားရေးကို ပို၍အားသန်သော၊ ဆရာမဘဝကို ပို၍ နှစ်သက်သော ကျွန်မက ဆရာ၏မေတ္တာစေတနာကို အားတုံ့အားနာနှင့် ငြင်းခဲ့ပါသည်။ နယ်မပြောင်းရသော တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးအလုပ်က ကျွန်မ၏ လက်ရှိဘဝအနေအထားနှင့် ပို၍အပ်စပ်သည်ဟု ဆရာထင်မြင်ပုံရပါသည်။ ထိုအချိန် (၁၉၇၄-၁၉၇၈) က ကျွန်မသည် မိခင်အိုကြီးနှင့်တကွ တစ်သက်လုံးအတူနေ အရွယ်အို အဒေါ်ရင်းနှစ်ယောက်၊ လူမမည်သားတစ်ယောက်၊သမီးသုံးယောက် (အငယ်ဆုံးသမီး ဖွားသစ်က သုံးနှစ်ခွဲ)တို့ကိုထား၍ မော်လမြိုင်ကောလိပ်(နောင်တက္ကသိုလ်) မြန်မာစာဌာနတွင် လက်ထောက်ကထိကအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေချိန် ၁၉၇၆ ခုနှစ်တွင် အတူနေ အဒေါ်အကြီး ကွယ်လွန်၍ ၁၉၇၇ ခုနှစ်တွင် ရှေ့ဆင့်နောက်ဆင့် မိခင်ကြီးကွယ်လွန်သွားခြင်းဖြစ်သည်။ ထိုစဉ်က ဆရာ ဦးတင်ဧ၏ ထိုကရုဏာပါသော စကားသံက ကျွန်မ၏နားထဲတွင် ယခုအထိ ပဲ့တင်နေဆဲဖြစ်ပါသည်။

စာမျက်နှာ ၉ သို့ ❖

**ရန်ကုန်မြို့တော်ခန်းမတွင် ပြီးခဲ့သည့်နှစ်က ရပ်နားသိမ်းဆည်းထားသော ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုနေ့မတိုင်မီရက်များအတွင်း တိုင်းနှင့်ပြည်နယ်များသို့ လက်ဆင့်ကမ်းလှည့်လည်သယ်ဆောင်ပြီးနောက် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)သို့ ပြန်လည်ရောက်ရှိပါသည်။ တစ်ညတာ ရပ်နားပြီးနောက် အလံတော်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုနေ့ကျင်းပရာ ကျိုက္ကဆံကွင်းသို့ မွန်းလွဲပိုင်းမှာ သယ်ဆောင်ပါသည်။ ပြည်ထောင်စုနေ့ ပြီးသည်နှင့် နောက်နေ့တွင် ပြည်ထောင်စုအလံတော်ကို မြို့တော်ခန်းမသို့ အခမ်းအနားဖြင့် သယ်ဆောင်ပြီး အလံတော်သိမ်းဆည်းပွဲအခမ်းအနားဖြင့် မြို့တော်ခန်းမဆောင်ထိပ်တွင် တစ်နှစ်တာ သိမ်းဆည်းထားရှိ။**

❖ စာမျက်နှာ ၈ မှ

မော်လမြိုင်ကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာမောင်ဒီ(နောင် ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန) လက်ထက် မော်လမြိုင်ကောလိပ် ပြည်ထောင်စုနေ့ပွဲသဘင် အစဉ်အဆက် ကျင်းပလာခဲ့သည့်အတိုင်း ပြည်ထောင်စုတိုင်းရင်းသူများ ခြံရံပြီး ပြည်ထောင်စုအလံတော်သယ်ဆောင်ခြင်းအခမ်းအနား၊ ပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲများကျင်းပခဲ့ရာ ကျွန်မ ပါဝင်ဆင်နွှဲခဲ့ရသည်များကလည်း မမေ့နိုင်သော အမှတ်တရ ဖြစ်ပါသည်။ ဆရာ ဒေါက်တာမောင်ဒီ၏ အစီအမံဖြင့် ကျောင်းသူဆောင် ပုလဲဆောင် ၁၊ ၂၊ ၃၊ ၄ ရှိသည့်အနက် ပုလဲဆောင်-၃ မှာ အချိန်ပိုင်း အဆောင်နည်းပြအဖြစ် ကျွန်မ နေခွင့်ရပါသည်။ အိုကြီးအိုမ မိခင်နှင့် အဒေါ်များ၊ လူမမည်သားသမီးများကို ရန်ကုန်မှာ ထားခဲ့ရသူ ကျွန်မအား စာနာနားလည်စွာ တစ်လတစ်ခါ အိမ်သို့ ပြန်ခွင့်ပြုသည့် ဆရာဒီ၏ မေတ္တာကရုဏာတရားကလည်း ကျွန်မအပေါ် ကျေးဇူးကြီးခဲ့ပါသည်။

**ခရီးသည်နားခို မှတ်တိုင်များ**

မော်လမြိုင်ကောလိပ်တွင် တာဝန်ထမ်းဆောင်နေသော နှစ်ကာလများ(၁၉၇၄-၁၉၇၈) က ဖြစ်သည်။ တစ်နှစ် ရန်ကုန်ပြန်သောအခါက်တွင် ဘိုးတော် ဦးခင်မောင်ထွန်း(မောင်ဗိုလ်မွှေး၊ မော်ကွန်းထိန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ကွယ်လွန်) ကျွန်မ အိမ်သို့ ရောက်လာသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်ဘတ်စ်ကားလိုင်းလမ်းကြောင်းများတွင် ခရီးသည်နားခိုမှတ်တိုင်များ ဆောက်လုပ်ထားရှိမည်ဖြစ်ကြောင်း၊ မှတ်တိုင်ပုံစံနှင့် ကုန်ကျငွေဖော်ပြထားကြောင်း၊ ဆောက်လုပ်လှူဒါန်းလိုသူများ ကုန်ကျငွေနှင့်တကွ မှတ်တိုင်ထားရှိလိုသောနေရာကို ဖော်ပြ၍ လျှောက်ထားနိုင်ကြောင်း၊ ကမ္ပည်းမှတ်တမ်းပါ ထိုးပေးမည်ဖြစ်ကြောင်း သတင်းစာများတွင် ကြေညာထားသည့်အကြောင်းကို သူပြောပြသည်။

ကုန်ကျငွေက ရာဂဏန်းလား၊ ထောင်ဂဏန်းလားမမှတ်မိတော့ပါ။ သူက ဖိုးကျော်မြင့်အတွက် ရည်စူး၍ နားခိုမှတ်တိုင် လှူဒါန်းလိုကြောင်း၊ သူတို့ ဖွဲ့ထားသော ဖိုးကျော်မြင့်မှတ်တိုင် ဖြစ်မြောက်ရေးကော်မတီလေး၏ အစီအစဉ်ကို ဆက်ပြောပါသည်။ ကျွန်မသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ရေချမ်းစင်ဆောက်ကာ ရေလှူခြင်း၊ ဇရပ်ဆောက်ကာ နားခိုအရိပ်လှူခြင်းဓလေ့ကို လွန်စွာ နှစ်လိုသူဖြစ်သည်။ သူတို့၏ ကော်မတီလေးသည် လက်နှိပ်စက်ဖြင့်ရိုက်၍ စာကူးစက်ဖြင့်ပွားထားသော ဖိုးကျော်မြင့်မှတ်တိုင် ရန်ပုံငွေအလှူခံပြေစာ စာအုပ်ငယ်လေးများ တစ်ယောက်တစ်လက်ဆီသို့ ဖြန့်ကာ ငွေကောက်ခံကြသည်။ ပြားငါးဆယ်၊ တစ်ကျပ်ကအစ (ငွေတန်ဖိုး မဖောင်းပွသေး) ကောက်ခံ၍ စရိတ်ပြည့်မီသောအခါ မြို့တော်စည်ပင်သို့ နားခိုမှတ်တိုင်ထားရှိလိုသည့်နေရာဖော်ပြ၍ လျှောက်ထားလိုက်ကြသည်။ သို့နှင့် ရန်ကုန်ဘတ်စ်ကားလိုင်း လမ်းကြောင်းများတွင် မြို့တော်စည်ပင်ဆောက် နားခိုကားမှတ်တိုင်များ တစ်ခုပြီး တစ်ခု တိုးတိုးလာသည်နှင့်အတူ ကျွန်မတို့၏ ဖိုးကျော်မြင့် နားခိုကားမှတ်တိုင်လည်း လှည်းတန်းထိပ်(အင်းစိန်လမ်း၊ မြို့ထဲဘက်သွားအခြမ်း၊ ဦးထွန်းလင်းခြံလမ်းထိပ်)တွင် အကောင်အထည်ပေါ်လာခဲ့ပြီဖြစ်သည်။

ထိုအချိန် ထိုအခါက် ရန်ကုန်အပြန်တွင် ကျွန်မသည် တက္ကသိုလ်တောင်ငူဆောင် မြန်မာစာဌာနသို့ ကိစ္စတစ်ခုနှင့်သွားရောက်အပြီး လှည်းတန်းထိပ်ရှိ ဖိုးကျော်မြင့် နားခိုကားမှတ်တိုင်သို့ သွားကြည့်ခဲ့သည်။ နားခိုမှတ်တိုင် အမိုးအောက်တွင် ပေါလစ်တင်ထားသည့် အထပ်သားပြားပေါ်တွင် ရေးထားသော "ဖိုးကျော်မြင့်ကို ရည်စူး၍ အားလုံးကောင်းမှု" ဟူသော ကမ္ပည်းမှတ်တမ်းစာကို တွေ့ရသည်။ ပြားငါးဆယ်၊ တစ်ကျပ် ညောင်စေ့အလှူလေးများ ထည့်ဝင်လှူဒါန်းထားသော ဖိုးကျော်မြင့် နားခိုမှတ်တိုင်သည် အများကောင်းမှုဟူသည်ထက် ပိုမိုလေးနက်သော အားလုံးကောင်းမှုဟူသော အသုံးဝိသေသက အပ်စပ်ထိမိလှပါသည်။ နှစ်များကြာခဲ့ရွှေ့ခဲ့ပါပြီ။ ယခုတော့ မရှိတော့ပါ။

ယခုအခါ တက္ကသိုလ်များတွင် ဌာနအလိုက်၊ ဘာသာရပ်အလိုက်၊ စာသင်နှစ်အလိုက်၊ ဘွဲ့ရနှစ်အလိုက် စသည်ဖြင့် အာစရိယပူဇော်ပွဲများကျင်းပနေကြပါသည်။ ကိုစိုးညွန့်(၁၂-၉-၂၀၁၂ ကွယ်လွန်)တို့ ၁၉၆၉-၁၉၇၃ ဘွဲ့ရ မြန်မာစာကျောင်းသားဟောင်းများက သူတို့၏ အာစရိယကန်တော့ပွဲ ကျင်းပမည့်နေရာအဖြစ် ကိုစိုးညွန့်၏ တော်ဝင်နှင်းဆီခြံကို ရွေးချယ်၍ ကျင်းပမည့်နေ့ကို ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့ဟု သတ်မှတ်ပြီး ပြည်ထောင်စုနေ့တိုင်း အာစရိယကန်တော့ပွဲကို နှစ်စဉ် ကျင်းပလာခဲ့သည်မှာ ၂၀၁၂ ပြည့်နှစ်တွင် (၁၈)ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ ရပ်ဝေးမြို့နယ်များမှ သူတို့ batch ကျောင်းသူကျောင်းသားအချို့ပင် ကြိုးစားလာရောက်ကြသည်။ ရွှေတောင်ခေါက်ဆွဲနှင့် စားမြိန်ဖွယ်ရာများ စားသောက်ရင်း ဆရာများက ဩဝါဒစကားပြောကြ၊ ကျောင်းသားများက တက္ကသိုလ်ကျောင်းသားဘဝ အပျော်အမော်များကို ပြန်လည်စားမြုံ့ပြန်ကြနှင့် အာစရိယကန်တော့ပွဲတွင် သက်ကြီးတပည့်များနှင့် ရွယ်အိုဆရာများအားလုံးသည် လွန်လေပြီးသော အနှစ် ၄၀ ကျော်ကာလသို့ ပြန်လည်စီးမျောနုပျိုကြကုန်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ဇွန်လ ၇ ရက်နေ့ ဖိုးကျော်မြင့် ကွယ်လွန်ခြင်းနှစ် (၃၀) ပြည့်ပွဲကို သူနေထိုင်ခဲ့ရာ ရွှေဂုံတိုင်ခြံမှာ ကျင်းပခဲ့ပါသည်။ သူ၏ ကလောင်ပွားတစ်ခုဖြစ်သော "မောင်ခေမာ"ကို စွဲယူ၍ "ခေမာ မဝေး နိဗ္ဗာန်ဈေး"ခင်းကာ ကျင်းပခဲ့ရာ နို့စိမ်းခေါက်ဆွဲ၊ ကော်ရည်ခေါက်ခွဲ၊ ဆီထမင်းနှင့် ငါးရံ့ခြောက်ဖုတ်၊ ဆနွင်းမကင်း၊ လက်ဖက်ရည်၊ ကော်ဖီ စသည်တို့ဖြင့် နှစ်သက်ရာ သုံးဆောင်နိုင်ရန် ခင်းကျင်းထားပါသည်။ ဇွန်လ ၇ ရက်နေ့တွင် ဦးဖိုးကျော်မြင့် ရုတ်တရက်ကွယ်လွန်လေရာ ဦးခင်အေးအတွက်လည်း တစ်သက်မမေ့ဖွယ်ရာပင် ဖြစ်သည်။

ထို့နောက် ဒေါက်တာထွန်းတင့်(မြန်မာစာအဖွဲ့ဝင်) က ဖိုးကျော်မြင့် မြန်မာစာ ဂုဏ်ထူးတန်းကျောင်းသားဘဝ စာမေးပွဲအလွန်နီးကပ်နေချိန် ၁၅-၂-၁၉၅၇ ရက်နေ့က ရေးစပ်ခဲ့သော "လှမ်းစို့ညီညီ" အမည်ရှိ လေးချိုးကဗျာကို အမှတ်တရ ရွတ်ဆိုပါသည်။ ယင်းကဗျာလက်ရေးမူကို ဖော်ပြပါသည်။ ကဗျာတွင် မြန်မာစာဂုဏ်ထူးတန်းသားဆွေသဟာများသို့ အမှတ်တရလက်ဆောင်မွန်ဟု ညွှန်းဆိုထားပြီး ချစ်ကြည်စွာဖြင့် "ဘိုးကျော်မြင့်" ဟု လက်မှတ်ထိုးထားပါသည်။ ကဗျာတတိယအချိုးတွင် "သန်း" တစ်မူ "မြိုင်" "တင်" "ကျော်"နဲ့၊ ပြိုင်ယှဉ်မပေါ် "ခင်" "ဇော်" "မျိုး"ငဲ့ပြင်၊ ထင်ကျော်ဟိုး"နွဲ့" ရွှေ "ဖြူ"တို့ ဟူ၍ သူ၏ မြန်မာစာဂုဏ်ထူးတန်းသား ဆွေသဟာတို့၏ အမည်များကို ထည့်သွင်းဖွဲ့ဆိုထားပါသည်။ သန်းမှာ ဒေါ်မြမြသန်း (မြန်စာဂုဏ်မြမြသန်း)၊ မြိုင်မှာ ဦးမြိုင်သန့်(မြန်စာဂုဏ်မြိုင်သန့်)၊ တင်မှာ ဦးစံတင်(မြန်စာဂုဏ်စံတင်)၊ ကျော်မှာ ကဗျာဖွဲ့သူ ဘိုးကျော်မြင့် (မြန်စာဂုဏ်ကျော်မြင့်)၊ ခင်မှာ



ပန်းတနော် မြန်စာဂုဏ်ဖိုးကျော်မြင့်စာကြည့်တိုက်ရှေ့၌ စာရေးသူမိသားစု မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

ဒေါ်ခင်တုတ်(ဒေါ်လှမြတ်၊ မန္တလေးတက္ကသိုလ်)၊ ဇော်မှာ ဦးဘဇော်၊ မျိုးမှာ ဦးမျိုးဆွေ(မြန်စာဂုဏ်မျိုးဆွေ)၊ နွဲ့မှာ ဒေါ်ခင်မေနွဲ့(နွဲ့မေခင်)နှင့် ဖြူမှာ ဦးဘိုဖြူ(ယခု ဤလေးချိုးကဗျာကို ရွတ်ဆိုသူ ဒေါက်တာထွန်းတင့်)တို့ဖြစ်ကြသည်။

**မြန်မာ့အသံ သာဦးဖြစ်လာ**

ဦးမြိုင်သန့်၊ ဒေါ်လှမြတ်၊ ဦးထွန်းတင့် အမည်များမှာ ပါမောက္ခဦးဧမောင်က ပြောင်း၍ မှည့်ပေးသောအမည်များဖြစ်သည်။ ထို့ပြင် ဒေါ်ခင်ရီမှ ဒေါ်သန်းဆွေသို့လည်းကောင်း၊ မူလအမည်မှ ဦးရွှေသွင်သို့လည်းကောင်း မှည့်ပေးသည်မှာလည်း ဆရာ ဦးဧမောင်ပဲ ဖြစ်သည်။ အောက်တိုဘာလ ကျောင်းပိတ်ရက်ထဲမှာ ကျင်းပသည့် ကျွန်မတို့ လက်ထပ်ထိမ်းမြားပွဲတွင် ဆရာ ဦးရွှေသွင်သည် နေရပ်မော်လမြိုင်မှ တကူးတက ပြန်လာ၍ သတို့သားနှင့် သတို့သမီးတို့ကိုယ်တိုင် ရေးစပ်ထားသော မင်္ဂလာပိုဒ်စုံရတုကို ရွတ်ဆိုပေးခဲ့ပါသည်။ လှမ်းစို့ညီညီကဗျာဖွဲ့သူ ဘိုးကျော်မြင့်ကတော့ ဘိုးမှဖိုးသို့ပြောင်းကာ ဖိုးကျော်မြင့်ဖြစ်လာပါသည်။ ဖိုးကျော်မြင့်ကွယ်လွန်စဉ်က သူတို့ ငယ်ဆရာ ပန်းတနော် ဦးသန့်(ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း) က မောင်ဖိုးသာဦးဟု လိပ်မူစာရေးခဲ့သော သူ့အစ်ကို ဘိုးသာဦးမှာမူ ဘိုးလည်းမဖြစ်၊ ဖိုးလည်းမဖြစ်ဘဲ အလုပ်ဌာနအမည်နှင့်တွဲ၍ မြန်မာ့အသံ သာဦး ဖြစ်လာပါသည်။ ထိုနှစ် (၄၀) ပြည့်ပွဲတွင် သူ့တပည့် မောင်ခင်မင်(ဓနုဖြူ)၊ မမိုးမြေ၊ ခင်မြနွယ်၊ ဒေါက်တာသန်းသန်းနှင့် ခင် နှစ်ခင်တို့ ရေးသားသော "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်ငယ်လေး အမှတ်တရ ထုတ်ဝေ၍ ကွယ်လွန်သူ သူတို့ဆရာကို ရသစာစုံဖြင့် လွမ်းတထားကြပါသည်။

**စာကြည့်တိုက်သို့ ရည်စူးလှူဒါန်း**

ထို့ပြင် စုပေါင်းရေး"ဖိုးကျော်မြင့်" လက်ကျန်စာအုပ်များကို ရောင်းချရာ အားလုံးကုန်သွားပါသည်။ ထိုပွဲသို့ ကြွရောက်ချီးမြှင့်သည့် သူ့ဆရာ ဒေါက်တာသန်းထွန်း (သမိုင်းပါမောက္ခ၊ ၆-၄-၁၉၂၃ - ၃၀-၁၁-၂၀၀၅)က နှစ်အုပ်အားပေးပြီး "ဖိုးကျော်မြင့် ဆုံးတဲ့ရက်တော့သိပြီ၊ သူ့မွေးရက်ကကော"ဟု မေးသဖြင့် ကျွန်မက "၁၉၃၄ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ ပြည်ထောင်စုနေ့ပါဆရာ"ဟု ပြန်ဖြေရာ ထိုစာအုပ်မှာပင် သူ့တပည့်မွေးနေ့ ရေးမှတ်သွားသည်ကို အမှတ်ရနေပါသည်။ ထို့ပြင်လည်း မြန်မာစာဌာန၏ ကျေးဇူးကို အလေးအမြတ်ထားသော သူ့ဆန္ဒဖြည့်လိုသောအားဖြင့် လှကမ္ဘာ ပရိဘောဂဆိုင်မှ ကြိုတင်အော်ဒါမှာယူထားသော ဗီရိုငါးလုံးကို သူကွယ်လွန်ခြင်း နှစ်(၃၀)ပြည့်ပွဲမတိုင်မီလေးကပင် တောင်ငူဆောင်မြန်မာစာဌာန စာကြည့်တိုက်သို့ ရည်စူးလှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ဇွန်လ ၇ ရက်နေ့ ဖိုးကျော်မြင့် ကွယ်လွန်ခြင်း နှစ်(၄၀)ပြည့်အခမ်းအနားကို တော်ဝင်နှင်းဆီသီရိခန်းမမှာ ကျင်းပခဲ့ပါသည်။ ကိုကျော်ဇေယျက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါသည်။ ရှေးဦးစွာ ဆရာဦးမြင့်ကြည် (ဒေါက်တာမြင့်ကြည်၊ မြန်မာစာအဖွဲ့ဝင်)က နှုတ်ခွန်းဆက်စကားပြောပါသည်။ ဖိုးကျော်မြင့်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ပြီး တက္ကသိုလ်မြတ်စိုးအမည်တွင် ဂီတစာဆိုတစ်ဦးလည်းဖြစ်သည်။ ကျွန်မတို့ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ Strand Hotel တွင် လက်ထပ်ထိမ်းမြားစဉ်က မင်္ဂလာလက်ဖွဲ့ "ကြင်စဦး" သီချင်းရေးစပ်ကာ လက်ဖွဲ့ခဲ့သည်။ ကိုရဲဝင်းနှင့်စီလေးတို့ သီဆိုပြီး ဒီဇင်ဘာလတွင် မြန်မာ့အသံက ထုတ်လွှင့်ခဲ့သည်။ ထို့နောက် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ၊ မြန်မာစာအဖွဲ့ဝင်)က သူဂရုပြုမိသော သူ့ဆရာ ဦးဖိုးကျော်မြင့်၏ ထူးချွန်ထက်မြက်သော ပညာဂုဏ်၊ ပညာရှင်စာရေးဆရာဟူသော ဂုဏ်နှင့် ခေါင်းဆောင်ပီသသော ဂုဏ်တို့ကို ဖော်ထုတ်ပြောဆိုပါသည်။ ဦးဖိုးကျော်မြင့်သည် ၁၉၇၃ ခုနှစ် ဇွန်လ ၉ ရက်နေ့ သူ့တပည့် ဦးခင်အေး ဇနီးလောင်းတောင်းရမ်းရာတွင် လူကြီးမိဘအဖြစ် လိုက်ပါဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်သည်။

၁၉၇၃ ခုနှစ် ဧပြီလ၏ တစ်ခုသော သင်္ကြန်ရက်တွင် ဖြစ်သည်။ ရက်ဆက် အားလပ်ရက်များရသောကြောင့် ဖိုးကျော်မြင့်သည် အိမ်တွင် အေးအေးလူလူနေကာ ကလေးများနှင့် အချိန်ပေး နေပေးရင်းက အနီးတွင်ရှိနေသော ကျွန်မကို "မိမာ - မောင်တာနေ၀တ္ထု ဖတ်ဖူးတယ်မဟုတ်လား၊ သူသေရင် အိုးတွေ ဘာတွေမခွဲနဲ့၊ သိပ်လည်း အယူမသီးနဲ့"စကားအဆက်အစပ်မရှိ အမှတ်မထင်ပြောပါသည်။ ပြောပြီး အေးအေးဆေးဆေးပင် ကလေးများနှင့်ဆက်၍ ပြောလိုက်ကစားလိုက် လုပ်နေပါသည်။ ကျွန်မတို့ အိမ်ထောင်သက်တမ်းတစ်လျှောက် ထိုစကားမျိုး သူတစ်ခါမျှ မပြောဖူးပါ။ ထိုစကားသည် ပုဗ္ဗနိမိတ်စကား ဆန်လွန်းလှစွာ ထိုစကားပြောပြီး၍မှ နှစ်လမပြည့်မီ အသက် ၃၉ နှစ် အရွယ်ကောင်းတုန်း၊ ဇွန်လ ၇ ရက်နေ့တွင် သူသည် ဥပစ္ဆေဒကကံဖြင့် ရုတ်တရက်ကွယ်လွန်ခဲ့ရှာပါသည်။ လာမည့်နှစ်နှစ်ဆိုလျှင် အနှစ် ၅၀ ပြည့်တော့မည်။ သူကွယ်လွန်စဉ်က သူ့ဆရာ ပန်းတနော် ဦးသန့်က "မောင်ဖိုးကျော်မြင့်သည် ဗုဒ္ဓဘာသာ မြန်မာအလွန်ပီသသော လူတော်လူကောင်းတစ်ယောက် ဖြစ်ပါသည်။ ရတနာသုံးပါးကို ဦးထိပ်ထားသူတစ်ဦးဖြစ်သည်သာမက ဆရာမိဘများကိုလည်း ထာဝစဉ်ရိုသေလေးစားသူတစ်ဦးလည်းဖြစ်ပါသည်" ဟူ၍ ထင်မြင်ချက်ရေးပေးခဲ့သည်။

ဖိုးကျော်မြင့်သည် တက္ကသိုလ်ကျောင်းသားဘဝတွင် Buddhism ကို ဘာသာတွဲတစ်ခုအဖြစ် ယူခဲ့ပြီး တက္ကသိုလ်ဆရာဖြစ်လာသောအခါတွင် လယ်တီ ဆရာတော်၏ ဗောဓိပက္ခိယဒီပနီ စသော ဗုဒ္ဓစာပေများကို ပို့ချခဲ့သူဖြစ်သည်။ သူသည် ဗုဒ္ဓဘာသာကို စစ်မှန်သောအယူဖြင့် ဓမ္မအသိရှိလာအောင် ဆည်းကပ်သူ၊ ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဖြစ်လာအောင် ကျင့်ကြံနေထိုင်ခဲ့သူလည်းဖြစ်သည်။ စုပေါင်းရေး "ဖိုးကျော်မြင့်" စာအုပ်ထဲက သားဖိုးနိုင်ဝင်း၏ ကဗျာစလေးဖြင့် ဤဆောင်းပါးကို အဆုံးသတ်ပါသည်။

ဖေဖေ လူကောင်း၊ ဆုမတောင်းလည်း
ဘုံကောင်းရောက်မည် ယုံကြည်သည်။ ။

မြန်မာစာဂုဏ်ထူးတန်းသား ဆွေသဟာများသို့
အမှတ်တရလက်ဆောင်မွန်

## "လှမ်းစို့ညီညာ"

**ကျောင်းမဟာပြည်ဗဟိုအတွင်းမှာလ၊**
**ပေါင်းသဟာညီအစ်ကိုတစ်သင်းငယ်တို့၊**
**မှီခိုရင်းဖူးတွေ့ဆုံ။ ။**
**မြတ်ဌာနာ "မြန်စာ"ခရီးငယ်သို့၊**
**ထပ်တစ်ဖြာ လှေဒွါစီးကာပ၊**
**အံ့ချီးစရာ ပွဲကိုင်မှူးတွေနှင့်၊**
**ရှင်ပျော်မြူး တို့တစ်ဖော်မှာ၊**
**တက်ရေးဖော် လက်ကုန်ပြလို့ရယ်၊**
**အားရဖုံဖုံ။**
**တက်စုံစုံ ရွက်ကုန်ဖွင့်ပါလို့၊**
**ခက်ဖုံဖုံ စက်ဟုန်လွှင့်ကာပ၊**
**ထက်ဘုံမြင့်လှမ်းသသူမှာ၊**
**"သန်း"တစ်မူ "မြိုင်" "တင်" "ကျော်"နဲ့၊**
**ပြိုင်ယှဉ်မပေါ်"ခင်" "ဇော်" "မျိုး"ငဲ့ပြင်၊**
**ထင်ကျော်ဟိုး "နွဲ့"ရွှေ "ဖြူ"တို့၊**
**တကယ့်ရေတူရဲဖက်များသာဟု၊**
**တွဲယှက်သွားသွင်တပုံ၊**
**မြင်ရုံနဲ့ ရည်ထင်လင်း။ ။**
**ရောင်အပြက်တွင်ဖြင့်၊**
**မှောင်ချက်ကို ဖန်ကာခြွေလို့၊**
**"မြန်စာ"သရေ တဂုဏ်တင့်အောင်ပ၊**
**တိုးမြှင့်ကာ ကြည်သာသာနဲ့၊**
**ညီညာညာအားကုန်ဆောက်စို့ရယ်(ကွယ်)၊**
**ထွန်းတောက်ပဝင်း။ ။**
**ချစ်ကြည်စွာဖြင့်**
**(ဘိုးကျော်မြင့်)**
**၁၉၅၇ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်**
**သောကြာနေ့။**

စာညွှန်း-

ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်
(၁) ကြေးမုံသတင်းစာ - ၁၉၇၀ ဖေဖော်ဝါရီလ ၁၂၊ ၁၄၊ ၁၅ ရက်။
(၂) လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ- ၁၉၇၀ ဖေဖော်ဝါရီလ ၁၂၊ ၁၄၊ ၁၅ ရက်။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်





**နေပြည်တော် ဖေဖော်ဝါရီ ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Meeting ဖြင့်ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဦးစီးမှူးများသည် သက်ဆိုင်ရာဒေသရုံးအသီးသီးမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တပ်မတော်က တာဝန်ယူပြီးနောက် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ဌာန၏ ရည်မှန်းချက်တာဝန်များအား လက်ရှိနိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ အောင်မြင်အောင် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ရာတွင် သမားရိုးကျလုပ်ငန်းများအပြင် ပြည်သူ့အတွက် လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို စီမံချက်များရေးဆွဲချမှတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်ကာလများတွင် လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုကာလတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းဆောင်ရွက်မှုများသည် ထင်သလောက် ခရီးမပေါက်ဘဲ နှောင့်နှေးရပ်တန့်သွားခဲ့ရပါကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်းမှာပင် မိမိတို့ ဌာန၏ဝန်ထမ်းများသည် ပြီးခဲ့သည့် ရွေးကောက်ပွဲကာလမတိုင်မီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက်အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်သည်ကိုတွေ့ရပါကြောင်း။

ကိုဗစ်-၁၉ ရောဂါကြောင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာလေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ရှိ လူဝင်မှုစစ်ဆေးရေးဂိတ်များအားလုံး အဝင်/ အထွက် ကန့်သတ်ပိတ်သိမ်းထားကာ အထက်ဌာနအဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့်သာ ဝင်/ထွက်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ယခုကာလတွင်လည်း အထက်ဌာနများ၏ အထူးခွင့်ပြုချက်ဖြင့်သာ ဝင်/ထွက်ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ပြည်တွင်းသို့ ဗီဇာအမျိုးမျိုးဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ယခင်က ပြည်ဝင်ဗီဇာ (၁၄) မျိုးဖြင့် ဝင်ရောက်ခွင့်ပြုပေးလျက်ရှိသော်လည်း ယခုအခါ နိုင်ငံတော်၏ အထူးခွင့်ပြုချက်ဖြင့်သာ ခွင့်ပြုပေးသွားမည်ဖြစ်သဖြင့် လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့် အညီ ဆက်စပ်ဌာနများဖြင့်ပေါင်းစပ်ကာ မိမိတို့ဝန်ကြီးဌာနနှင့် UNDP – UNHCR တို့ အကြား လက်မှတ်ရေးထိုးထားသည့် သုံးပွင့်ဆိုင် MoU ပါ အချက်အလက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ဌာနအနေဖြင့် ပြည်တွင်းနေထိုင်သူများအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး စိစစ်ထုတ်ပေးခြင်းလုပ်ငန်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံချက်ရေးဆွဲကာ ရပ်ကွက်/ ကျေးရွာအရောက်၊ စက်ရုံ/ အလုပ်ရုံအရောက်၊ စာသင်ကျောင်းများအရောက်၊ သက်ကြီးရွယ်အိုများအတွက် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု မိမိတို့ဌာနဝန်ထမ်းများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြောကြားလိုသည်မှာ ယခုအချိန်မှစ၍ နိုင်ငံအတွင်း နေထိုင်သူ နိုင်ငံသား၊ တိုင်းရင်းသားအားလုံး ၎င်းတို့၏ နိုင်ငံသားအရည်အချင်း ဖြစ်တည်မှုပေါ်မူတည်၍ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ခွင့်ရရှိရေးအတွက် စစ်ဆင်ရေးတစ်ရပ်အသွင် သတ်မှတ်ကာ အရှိန်အဟုန်ဖြင့် အလေးအနက်ထား ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်ပြီး မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူများအတွက် နိုင်ငံသားစိစစ်နိုင်ရန် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်သွားကြရန်နှင့် ၎င်းတို့၏ နိုင်ငံသားစိစစ်မှုကိုလည်း အဆင့်ဆင့် ဆက်လက်တင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်တည်မှု အရည်အချင်းပေါ်မူတည်၍ ကာယကံရှင်များထံ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးကို ဥပဒေနှင့်အညီ ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ခံရမည့်သူများသည် မည်သည့်အထောက်အထားလက်မှတ်မျှ မပါရှိဘဲ၊ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ နိုင်ငံအတွင်းပိုင်းသို့ ဝင်ရောက်လျက်ရှိရာ ယင်းကဲ့သို့ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူအပြစ်ပေး ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် ထိထိရောက်ရောက် တိတိကျကျ ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ဌာန၏ လုပ်ငန်းတာဝန်တစ်ခုဖြစ်သော ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကောက်ယူထားသည့် လူဦးရေစာရင်းဇယားများ တိကျမှန်ကန်ရေးနှင့် သတ်မှတ်စာရင်းဇယားများ အချိန်မီတင်ပြ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ မိမိတို့ဌာန၏ လုပ်ငန်းအားလုံးသည် နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သည့်အတွက် ဌာနဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို ပေါ့ပေါ့ဆဆ မလုပ်မိကြစေရန်နှင့် အလေးအနက်ထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် လက်ရှိအခြေအနေကို သဘောပေါက်နားလည်ပြီး ဌာန၏ရည်မှန်းချက်တာဝန်များကို အထက်ဌာနအဆင့်ဆင့်၏ ညွှန်ကြားချက်များကို တိကျစွာ အလေးအနက်ထား လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် လုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များ၊ လုပ်ငန်းဆိုင်ရာအခက်အခဲနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြပြီး အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယခုအခါ နိုင်ငံတော်တွင် အရေးပေါ်ကာလ သတ်မှတ်ထားသည်နှင့်အညီ နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းကို အလေးထား ဆောင်ရွက်နိုင်ရေး၊ နိုင်ငံသားတိုင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရေး၊ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် မိမိတို့ဝန်ထမ်းများအနေဖြင့် စစ်ဆင်ရေးတစ်ရပ်အသွင် အလေးအနက်ထား ဆောင်ရွက်ကြရန်နှင့် ထူးခြားဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် တင်ပြဆောင်ရွက်နိုင်ရေးတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


# မောင်တောမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်


**မောင်တော ဖေဖော်ဝါရီ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၅၅ ဒသမ ၄၈၆ သန်းဖြင့် မောင်တောမြို့နယ်အတွင်း ဆောင်ရွက်ပေးလျက်ရှိသည့် ခရေမြိုင်(နတလ)ကျေးရွာမှ မောင်တော-အလယ်သံကျော်ကားလမ်းအထိ ပေ ၅၁၅၀ ကွန်ကရစ်ခင်းခြင်း၊ ခြောက်ပေ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ယနေ့တွင် မောင်တောမြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲ၊ မောင်တောခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ခရိုင်ကြီးကြပ်ရေးမှူး ဦးတင်ဝင်း(ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခရေမြိုင်(နတလ)ကျေးရွာမှ မောင်တော-အလယ်သံကျော်ကားလမ်းအထိ ပေ ၅၁၅၀ ကွန်ကရစ်ခင်းခြင်းနှင့် ခြောက်ပေ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ လက်ရှိတွင် ၂၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း၊ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ခရေမြိုင်ကျေးရွာနေပြည်သူများအနေဖြင့် မောင်တော-အလယ်သံကျော်လမ်းမှတစ်ဆင့် မောင်တောမြို့သို့ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး မောင်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အပါအဝင် လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**



# ကွဲကွာနေသည့် မိသားစုများ ပြန်လည်ပေါင်းစည်းနိုင်မည့် အမိန့်ပြန်တမ်းသစ် သုံးရပ် အမေရိကန်သမ္မတ ဘိုင်ဒင် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဖေဖော်ဝါရီ ၃**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် မက္ကဆီကိုတွင် နေထိုင်လျက်ရှိသည့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံထားသူများကို အမေရိကန်နိုင်ငံဘက်သို့ ဝင်ရောက်ခွင့်ပြုမည့် အမိန့်ပြန်တမ်းသစ်သုံးရပ်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

အဆိုပါ အမိန့်ပြန်တမ်းသုံးရပ်သည် သမ္မတဟောင်း ထရမ့်လက်ထက်က မက္ကဆီကိုနိုင်ငံရှိ နိုင်ငံတကာဒုက္ခသည်များကို အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်တားမြစ်ချက်များကို ပယ်ဖျက်ခဲ့သည့် အမိန့်ပြန်တမ်းများဖြစ်ကြောင်း သိရသည်။ သမ္မတဟောင်း ထရမ့်လက်ထက်တွင် အမေရိကန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို တင်းကျပ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင်း ရောက်ရှိနှင့်ပြီးသူများကို နေထိုင်ခွင့် ဆက်လက်ခွင့်ပြုပေးခဲ့သော်လည်း ၎င်းတို့၏ ကျန်မိသားစုဝင်များ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ကို တားမြစ်ခဲ့သည်။ ယင်းတားမြစ်မှုကြောင့် မိသားစု ၅၅၀၀ တို့သည် မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့တွင် ခွဲခြားနေထိုင်ခဲ့ရသဖြင့် ဘိုင်ဒင် ရွေးကောက်ပွဲတွင် အနိုင်ရပြီး သမ္မတတာဝန်မရယူခင်ကတည်းက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒပိုင်းကို အကြီးအကျယ် ပြုပြင်ပြောင်းလဲပေးရန် ရွှေ့ပြောင်းအခြေချနေထိုင်သူများအသိုင်းအဝိုင်းက တောင်းဆိုမှုများရှိခဲ့သည်။

"ကျွန်တော်က ဥပဒေသစ်တွေ ထုတ်ခဲ့တာမဟုတ်ပါဘူး။ ဆိုးရွားတဲ့ မူဝါဒကိုပဲ ဖျက်ပစ်ခဲ့တာပါ" ဟု လက်မှတ်ရေးထိုးအပြီးတွင် သမ္မတ ဘိုင်ဒင်က ပြောသည်။ သမ္မတဘိုင်ဒင်သည် ၎င်းစတင်တာဝန်ယူခဲ့သည့် ဇန်နဝါရီ ၂၀ ရက်မှာပင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာမူဝါဒပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အုပ်ချုပ်ရေးအမိန့်ပြန်တမ်း အများအပြားကို ဆက်လက်ထုတ်ပြန်လျက်ရှိသည်။

**ကိုးကား – အမ်အက်စ်အမ်**

**ဘာသာပြန် – မေလှဲ့သင်း**



# LED နည်းပညာတီထွင်သူငါးဦး Queen Elizabeth ဆု ချီးမြှင့်ခံရ




**လန်ဒန် ဖေဖော်ဝါရီ ၃**

အလင်းထုတ်လွှတ်နည်းပညာ (LED) ဖွံ့ဖြိုးတိုးတက်လာရေး ဖန်တီးခဲ့သည့် စက်မှုပညာရှင်များဖြစ်သည့် နစ်ခ်ဟိုလွန်းယက်၊ ဂျော့ဂျ်ခရာ့ဖို့ဒ်၊ ရက်ဆဲလ်ဒူးပူးလ်၊ အစ္စမူအာကာဆာကီနှင့် နာကာမူရာတို့ငါးဦးကို Queen Elizabeth (QE) ဆု ယမန်နေ့က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၎င်းတို့မှာ LED နည်းပညာရပ် အဆင့်ဆင့်တိုးတက်လာရေး အားထုတ်ခဲ့ကြသူများဖြစ်ပြီး ခေတ်ကာလမတူ၊ နိုင်ငံမတူသည့် ပညာရှင်များဖြစ်သည်။ ဟိုလွန်းယက်က ၁၉၆၂ ခုနှစ်တွင် LED မီးနီကို စတင်တီထွင်ခဲ့ပြီးနောက် ခရာ့ဖို့ဒ်က မီးဝါဒိုင်အုပ်LED ကို ထပ်မံဖန်တီးနိုင်ခဲ့သည်။ ယင်းနောက် ၁၉၉၃ခုနှစ်တွင် အာကာဆာကီနှင့် နာကာမူရာတို့နှစ်ဦးက ပိုမိုပြီးပြည့်စုံသည့် မူလအရောင်များပေါင်းစပ်ခြင်းမှ အဖြူရောင်မီးရရှိအောင် ဖန်တီးနိုင်ခဲ့သည်။ အလားတူ ၁၉၇၆ ခုနှစ်တွင် ရက်ဆဲလ်ဒူးပူးလ်သည် အရည်အသွေးမြင့် LED များထွက်ပေါ်လာစေရန် လျှပ်ကူးပစ္စည်းများပါသည့် သေးငယ်သော ဖလင်ကော်ပြားများနှင့် ဆက်စပ်ပစ္စည်းများကို ဖန်တီးထုတ်လုပ်နိုင်ခဲ့သည်။

ကားမီးခွက်မှစပြီး ကွန်ပျူတာမျက်နှာပြင်အထိ ၎င်းတို့တီထွင်ခဲ့သည့် ယင်း LED နည်းပညာရပ်ကြောင့် တိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာကာ လမ်းဟောင်းမှ ခွဲထွက်နိုင်ခဲ့သဖြင့် ယင်းသို့ ဆုချီးမြှင့်ခဲ့ရခြင်းဖြစ်ကြောင်း ဆုချီးမြှင့်ရေးအဖွဲ့အကြီးအကဲ ဆာခရစ္စသျှိဒန်က ပြောသည်။ စက်မှုပညာရှင် နာကာမူရာက "စမတ်ဖုန်းဆိုတာ LED နည်းပညာရပ်ကို အခြေခံဆင့်ပွားလိုက်တဲ့ အသုံးဝင်ပစ္စည်းတစ်မျိုးပါ"ဟု ဆုလက်ခံရယူပြီးနောက် ပြောကြားခဲ့သည်။

LED ဆိုသည်မှာ တစ်ဝက်လျှပ်ကူးအလွှာများစွာပါဝင်ပြီး အဆိုပါတစ်ဝက်လျှပ်ကူးပစ္စည်းများက လျှပ်စစ်ဓာတ်မှ အလင်းဓာတ်ကို အလိုအလျောက် ပြောင်းလဲပေးနိုင်သည့် နည်းပညာရပ်ဖြစ်သည်။

"ဆုချီးမြှင့်ဖို့ စဉ်းစားတဲ့နေရာမှာ လူသားထုတစ်ရပ်လုံးအတွက် အကျိုးပြုနိုင်ခဲ့တဲ့အပေါ် မူတည်ပြီး ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ဆာခရစ္စသျှိဒန်က ရှင်းပြသည်။ ဆုရရှိခဲ့ခြင်းကြောင့် ဆုကြေးအဖြစ် ဗြိတိန်ပေါင် တစ်သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း) ရရှိမည့်အပြင် ဗြိတိန်နန်းတော်မှ ဂုဏ်ပြုစာလွှာကိုပါ လက်ခံရရှိခဲ့ကြောင်း သိရသည်။ ယင်းဆုကြေးကို ပညာရှင်ငါးဦး အညီအမျှ ခွဲဝေယူကြမည်ဖြစ်ပြီး ဂုဏ်ပြုစာလွှာကို ပညာရှင်တစ်ဦးချင်းစီအတွက် သီးခြားစီ စီစဉ်ပေးထားသည်။

**ကိုးကား – ဘီဘီစီ၊ ဘာသာပြန် – မေလှဲ့သင်း**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃ ဒသမ ၉ သန်းကျော်ရှိလာ

**မော်စကို ဖေဖော်ဝါရီ ၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၄၇၄ ဦးအထိ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၉၀၁၂၀၄ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်သေဆုံးမှုအများဆုံးဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၄၅ ဦးရှိခဲ့ခြင်းကြောင့် မော်စကိုမြို့တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၃၅၃၅၅ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်းက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂၆ ဦးရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၇၄၆၈၄ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

နိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ဆေးရုံများမှ ဆင်းခွင့်ရရှိသူ အရေအတွက် ၂၄၈၂၂ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည် ကျန်းမာလာသူပေါင်း ၃၃၆၅၃၆၇ ဦးအထိ ရှိလာခဲ့သည်။

လက်ရှိတွင် ရုရှားနိုင်ငံသည် နိုင်ငံသားစုစုပေါင်း ၁၀၂ ဒသမ ၈ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**




# ဗီဇပြောင်းဗိုင်းရပ်စ်ကာကွယ်ဆေးအသစ်တစ်မျိုး ယခုနှစ် အောက်တိုဘာလမတိုင်မီ ထုတ်လုပ်မည်

**လန်ဒန် ဖေဖော်ဝါရီ ၃**

ကမ္ဘာ့နိုင်ငံများသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ်များကို ထိရောက်စွာ ကာကွယ်ပေးနိုင်သည့် ကာကွယ်ဆေးအသစ်တစ်မျိုးကို ယခုနှစ်အောက်တိုဘာလမတိုင်မီ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း AstraZeneca ဆေးဝါးကုမ္ပဏီမှ သုတေသနဌာန အကြီးအကဲ မီနီပန်ဂလို့စ်က ယနေ့ ပြောကြားခဲ့သည်။

ဗီဇပြောင်းဗိုင်းရပ်စ်များအတွက် ကာကွယ်ဆေးထွက်ပေါ်ရေးနှင့်ပတ်သက်၍ အစွမ်းကုန်ကြိုးပမ်းလျက်ရှိပြီး ဆောင်းဦးကာလမတိုင်မီ ကာကွယ်ဆေးရရှိမည်ဖြစ်ကြောင်း မီနီပန်ဂလို့စ်က ဆိုသည်။



ဗီဇပြောင်း ဗိုင်းရပ်စ်ကာကွယ်ဆေး ထွက်ပေါ်လာရေးအတွက် အချိန်ကြာမည်မဟုတ်ကြောင်းနှင့် ဆောင်းဦးရာသီသည် ဗီဇပြောင်း ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ရန် အချိန်အခါကောင်းပင်ဖြစ်ကြောင်း AstraZeneca ဆေးဝါးကုမ္ပဏီနှင့် Oxford တက္ကသိုလ်တို့၏ ကာကွယ်ဆေးဆိုင်ရာ သုတေသီအဖွဲ့မှ ပါမောက္ခ အန်းဒရူးပိုလက်ဒ်က ဆိုသည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ဗီဇပြောင်းဗိုင်းရပ်စ်များအပေါ် ခုခံကာကွယ်နိုင်စွမ်း အနည်းငယ်လျော့ကျလျက်ရှိသည့်အတွက် ဗီဇပြောင်းဗိုင်းရပ်စ်များအတွက် ထိရောက်စွာ ခုခံကာကွယ်နိုင်သည့် ကာကွယ်ဆေးအသစ်တစ်မျိုးကို ထုတ်လုပ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ **ကိုးကား – စီအင်န်အေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ငါးသိန်းကျော်ရှိလာ

**မနီလာ ဖေဖော်ဝါရီ ၃**

ဖိလစ်ပိုင်နိုင်ငံအတွင်း ဖေဖော်ဝါရီ ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၆၆ ဦးရှိလာခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅၃၀၁၁၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ရောဂါကြောင့် နိုင်ငံအတွင်း ၆၈ ဦး ထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူပေါင်း ၁၀၉၄၂ ဦးရှိလာခဲ့ပြီး ရောဂါဖြစ်ပွားရာမှ ပြန်လည်ကျန်းမာလာသူ ၄၈၇၇၂ ဦးရှိကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်မှ ထောက်ပံ့ပေးမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၁၇၀၀၀ အား မက်ထရိုမနီလာဒေသရှိ ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးလုပ်သားများ၊ နိုင်ငံတောင်ပိုင်း ဒါဘိုးစ်မြို့ရှိ ဆေးရုံတစ်ရုံနှင့် စီဘူးမြို့ရှိ ဆေးရုံတစ်ရုံရှိ ကျန်းမာရေးလုပ်သားများအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူဖြစ်သည့် ကာလက်တိုဂယ်လ်ဗက်၏ ပြောကြားချက်အရ သိရသည်။

အစိုးရအနေဖြင့် ယခုနှစ်အတွင်း နိုင်ငံ့လူဦးရေ သန်း ၇၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ရည်မှန်းထားပြီး ကျန်းမာရေးလုပ်သားများ၊ သက်ကြီးရွယ်အိုများနှင့် ဆင်းရဲချို့တဲ့သူများအား စတင်ထိုးနှံပေးသွားမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတု ထုတ်လုပ်ရောင်းချသူများအား ဖမ်းဆီး



**ပေကျင်း ဖေဖော်ဝါရီ ၃**

တရုတ်နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတုများ ထုတ်လုပ်ရောင်းချမှုကြောင့် လူ ၈၀ ကျော်အား ဖမ်းဆီးခဲ့ကြောင်း တရုတ်အာဏာပိုင်များက ယနေ့ ပြောကြားခဲ့သည်။

တရုတ်ရဲအရာရှိများက မြို့တော် ပေကျင်းအပါအဝင် ကျန်းဆုနှင့် ရှန်ဒေါင်းပြည်နယ်များရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတုထုတ်လုပ်သည့်နေရာများအား ဝင်ရောက်စီးနင်းခဲ့ရာ ကာကွယ်ဆေးအတု အလုံးရေ ၃၀၀၀ ခန့် ဖမ်းဆီးရမိခဲ့ပြီး ၈၀ ဦးကျော် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးအတုများကို ထုတ်လုပ်ရာတွင် ဆားပျော်ရည်များအသုံးပြုသည့်အတွက် အမြတ်အစွန်းများစွာရရှိကြောင်းနှင့် ၎င်းတို့၏လုပ်ငန်းကို စက်တင်ဘာလကတည်းက စတင်ခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိများ၏ စစ်ဆေးဖော်ထုတ်ချက်အရ သိရသည်။

အဆိုပါကာကွယ်ဆေးအတုထုတ်လုပ်သူများသည် ယင်းကာကွယ်ဆေးအတုများကို တရုတ်နိုင်ငံပြင်ပသို့ မှောင်ခိုထုတ်လုပ်ရောင်းချရန် စီစဉ်ထားဖွယ်ရှိကြောင်း သည်ဂလိုဘယ်လ်တိုင်းမ်သတင်းစာက သတင်းရင်းမြစ်များကို ကိုးကားပြီး သတင်းဖော်ပြခဲ့သည်။

တရုတ်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏ လုံခြုံရေးကို အလေးအနက်ထားလျက်ရှိကြောင်းနှင့် ကာကွယ်ဆေးအတုထုတ်လုပ်ရောင်းချခြင်းကဲ့သို့သော လုပ်ရပ်များကို ပြင်းပြင်းထန်ထန် နှိမ်နင်းသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်က ယမန်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတုအပြုလုပ်ခြင်းကို ကာကွယ်ရန် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ထောက်ပံ့ပေးပို့လျက်ရှိသည်။

တရုတ်အစိုးရက ကာကွယ်ဆေးအတုအပြုလုပ်ခြင်းကို ပြင်းထန်စွာ နှိမ်နင်းလျက်ရှိသည့်အတွက် တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးများအပေါ် ယုံကြည်မှုလျော့ကျသွားနိုင်မှုမရှိနိုင်ကြောင်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက သုံးသပ်ပြောကြားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**

# ဗီဇပြောင်းဗိုင်းရပ်စ်သုံးမျိုး ကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့လျက်ရှိ

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၃**

ကိုရိုနာဗိုင်းရပ်စ်မှတစ်ဆင့် ပြောင်းလဲသွားသည့် ဗီဇပြောင်းဗိုင်းရပ်စ် သုံးမျိုးသည် ကမ္ဘာ့နိုင်ငံများသို့ ကူးစက်မှုပိုမိုမြန်ဆန်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယမန်နေ့ထုတ်ပြန်ခဲ့သည့် စစ်တမ်းတစ်ရပ်အရ သိရသည်။

ဗြိတိန်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၈၀ သို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း အဆိုပါစစ်တမ်းအရ သိရသည်။

ထို့အပြင် တောင်အာဖရိကနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၄၀ သို့ ကူးစက်ပျံ့နှံ့လျက်ရှိသည်။ အဆိုပါနိုင်ငံများတွင် ဂျပန်၊ တရုတ်၊ ဩစတြေးလျ၊ အမေရိကန်နှင့် ဥရောပနိုင်ငံများပါဝင်သည်။

ဘရာဇီးနိုင်ငံတွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်သည် အမေရိကန်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**



# တောင်ကိုရီးယားရေနံတင်သင်္ဘောမှ သင်္ဘောသားများ ပြန်လွှတ်ပေးမည့် အီရန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို တောင်ကိုရီးယားနိုင်ငံ ကြိုဆို

**ဆိုးလ် ဖေဖော်ဝါရီ ၃**

ဇန်နဝါရီလအစောပိုင်းက အီရန်နိုင်ငံ၏ ဆိပ်ကမ်းတစ်ခုတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တောင်ကိုရီးယားရေနံတင်သင်္ဘောပေါ်မှ သင်္ဘောသားများကို ပြန်လည်လွှတ်ပေးမည့် အီရန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို တောင်ကိုရီးယားနိုင်ငံက ကြိုဆိုပါကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချောင်ဂျွန်ကွန်နှင့် အီရန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဘတ်အာရက်ချီတို့သည် တောင်ကိုရီးယားရေနံတင်သင်္ဘော ဖမ်းဆီးထိန်းသိမ်းခံရသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဖေဖော်ဝါရီ ၂ ရက် ညပိုင်းက မိနစ် ၃၀ ကြာ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆွေးနွေးစဉ်အတွင်း အီရန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးက တောင်ကိုရီးယားရေနံတင်သင်္ဘော MT Hankuk Chemi မှ သင်္ဘောသားများအားလုံးကို ပြန်လည်လွှတ်ပေးမည့် အီရန်နိုင်ငံ၏ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ အလေးထားပြောကြားခဲ့သော်လည်း အဆိုပါသင်္ဘောကို ထိန်းသိမ်းရန်အတွက် တောင်ကိုရီးယားနိုင်ငံသား သင်္ဘောကပ္ပတိန်တစ်ဦးကိုမူ ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ယင်းသင်္ဘောပေါ်တွင် ပါရှိသည့် သင်္ဘောသား ၂၀ တွင် တောင်ကိုရီးယားနိုင်ငံသား ငါးဦး၊ မြန်မာနိုင်ငံသား ၁၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံသားနှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသားနှစ်ဦးတို့ပါဝင်ကြောင်းနှင့် အဆိုပါတောင်ကိုရီးယားရေနံတင်သင်္ဘောကို အီရန်တပ်ဖွဲ့က ဇန်နဝါရီ ၄ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ဩစတြေးလျနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် အသွားအလာကန့်သတ်ထားသည့် ပြည်သူများ နေအိမ်ပြင်ပသို့ ထွက်ပြေး

**ပါ့ခ် ဖေဖော်ဝါရီ ၃**

ကိုဗစ်-၁၉ရောဂါကူးစက်မှုကြောင့် အသွားအလာကန့်သတ်ထားသည့် ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ပြည်နယ်မြို့တော် ပါ့ခ်တွင် နေထိုင်သည့် ပြည်သူများ နေအိမ်ပြင်ပသို့ ထွက်ပြေးခဲ့ရကြောင်း သိရှိရသည်။

တောမီးကြောင့် နေအိမ် ၅၆ လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး မြေဧရိယာ ၇၀၀၀ ဟက်တာ လောင်ကျွမ်းခဲ့သည်ဟု မီးသတ်နှင့် အရေးပေါ်ဝန်ဆောင်မှုဌာနကော်မရှင်နာခရိုက်ဝေါ်တာစ်က အတည်ပြုသည်။ လေပြင်းများ တိုက်ခတ်မှုကြောင့် တောမီးကို ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရပြီး ဖေဖော်ဝါရီ ၂ ရက် ညလုံးပေါက် လောင်ကျွမ်းခဲ့သည့် တောမီး၏အရှိန်ကြောင့် ဖေဖော်ဝါရီ ၃ ရက် နံနက်တွင် ပါ့ခ်မြို့တစ်မြို့လုံးတွင် မီးခိုးများ လွှမ်းခြုံလျက်ရှိသည်။



မီးဘေးကြောင့် အသွားအလာကန့်သတ်ထားသည့် ပါ့ခ်မြို့နေပြည်သူရာနှင့်ချီကာ နေအိမ်ပြင်ပသို့ ထွက်ပြေးခဲ့ရသည်။ အသွားအလာ ကန့်သတ်ထားချက်ကြောင့် တောမီးလောင်ကျွမ်းချိန်တွင် ပြင်ပထွက်ပြေးရမည်လား၊ နေအိမ်မှာပင် ဆက်လက်နေကြရမည်လားဆိုသည်နှင့် စပ်လျဉ်း၍ တွေဝေမှုများရှိခဲ့ကြောင်း အသက် ၄၉ နှစ်အရွယ် မာလီဆာက သူ၏ အတွေ့အကြုံကို ပြောသည်။ မီးသတ်တပ်ဖွဲ့က ပြည်သူများ နေအိမ်ပြင်ပသို့ ထွက်လာကြရန် တိုက်တွန်းမှုနောက်ကျခြင်းကြောင့် ယင်းသို့ ပြဿနာများ ဖြစ်လာခဲ့ရခြင်းဖြစ်သည်။

"လက်ရှိကာလ အနောက်ဩစတြေးလျပြည်နယ်အနေနဲ့ ကိုဗစ်-၁၉ ရောဂါအရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ထားရသလို တောမီးလောင်ကျွမ်းမှုလို သဘာဝဘေးအန္တရာယ်ကြောင့် အရေးပေါ်ကြေညာချက်လည်း ထုတ်ထားရပါတယ်"ဟု အနောက်ဩစတြေးလျပြည်နယ်ဝန်ကြီးချုပ် မက်ဂိုဝန်က သတင်းထောက်များသို့ ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် အသွားအလာကန့်သတ်ချက်အကျုံးဝင်သည့် အနောက်ဩစတြေးလျပြည်နယ်ဒေသများမှာ ပြည်နယ်မြို့တော်ပါ့ခ်နှင့် ပြည်နယ်အနောက်တောင်ဒေသတို့ဖြစ်ကြောင်း သိရသည်။

ပါ့ခ်မြို့သည် ဩစတြေးလျနိုင်ငံ၏ စတုတ္ထအကြီးဆုံးမြို့ဖြစ်ပြီး လူဦးရေ နှစ်သန်းနေထိုင်သည်။ ဩစတြေးလျနိုင်ငံ၏ နွေကာလမှာ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအတွင်းဖြစ်ပြီး ယင်းကာလအတွင်း အပူချိန်မြင့်မားမှုနှင့်အတူ လေပြင်းများတိုက်ခတ်မှု၊ လေထုတွင်း စိုထိုင်းဆကျဆင်းမှုတို့ကြောင့် တောမီးလောင်ကျွမ်းမှုသည် ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည်။ **ကိုးကား-အမ်အက်စ်အမ်**

**ဘာသာပြန်-မေလဲ့သင်း**

# အစ္စရေးနိုင်ငံက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်များကို လာမည့်သီတင်းပတ်မှစတင်ကာ တဖြည်းဖြည်း ဖြေလျှော့ပေးမည်



**ဂျေရုဆလင် ဖေဖော်ဝါရီ ၃**

အစ္စရေးနိုင်ငံသည် နိုင်ငံအတွင်း ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်များကို လာမည့်သီတင်းပတ်မှစတင်ကာ တဖြည်းဖြည်း ပြန်လည်ဖြေလျှော့ပေးမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ယမန်နေ့တွင် ပြောကြားခဲ့သည်။

**အရေးကြီးဆုံးလုပ်ငန်းစဉ်**

အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်အပြုံလိုက် ထိုးနှံမှုဆောင်ရွက်လျက်ရှိခြင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် အဓိကအရေးကြီးပါကြောင်းနှင့် အစ္စရေးနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တတိယအကြိမ်မြောက် ခရီးသွားလာခွင့်ကန့်သတ်ချက်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံတွင်လည်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်းနှင့် သီတင်းနှစ်ပတ်တာကာလအတွင်း အသက် ၅၀ အထက် အစ္စရေးပြည်သူများ၏ ၉၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန်လည်း ဝန်ကြီးချုပ် နေတန်ယာဟုက တောင်းဆိုခဲ့ကြောင်း သိရသည်။

အစ္စရေးအစိုးရအဖွဲ့သည် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်များကို ဖြေရှင်းပေးရေးနှင့် စပ်လျဉ်း၍လည်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ဟန်ဂေရီနိုင်ငံ လက်ခံရရှိ




**ဘူဒါပက် ဖေဖော်ဝါရီ ၃**

ဟန်ဂေရီနိုင်ငံသည် ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်ကို ဖေဖော်ဝါရီ ၂ ရက်တွင် လက်ခံရရှိခဲ့ကြောင်း ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ပီတာဇီဂျာတိုက ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ရုပ်သံသတင်းစကားဖြင့် ဖော်ပြခဲ့သည်။

မကြာသေးမီက ပြုလုပ်ခဲ့သည့် သဘောတူညီချက်တစ်ရပ်အရ ဟန်ဂေရီနိုင်ငံသည် ရုရှားနိုင်ငံထံမှ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်သန်း လက်ခံရရှိမည်ဖြစ်သည်။ အဆိုပါကာကွယ်ဆေးပမာဏသည် ပြည်သူတစ်သန်းအတွက် လုံလောက်မှုရှိမည်ဖြစ်ကြောင်းနှင့် သုံးလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ရောက်ရှိမည်ဟု မျှော်လင့်ထားကြောင်းလည်း နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ယခု ဟန်ဂေရီနိုင်ငံသို့ ရောက်ရှိခဲ့သည့် ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပမာဏမှာ အလုံးရေ ၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ဟန်ဂေရီနိုင်ငံသည် လက်ရှိတွင် အရေးပေါ် အသုံးပြုမှုအတွက် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ဗြိတိန်နိုင်ငံထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အတည်ပြုထားပြီး အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna မှ ထုတ်လုပ်သည့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကိုလည်း ဥရောပသမဂ္ဂထံမှတစ်ဆင့် ဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ပါလက်စတိုင်း၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ် စတင်

**ရာမာလာ ဖေဖော်ဝါရီ ၃**

ပါလက်စတိုင်းက ကျန်းမာရေးဝန်ထမ်းများဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ် စတင်လိုက်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကျန်းမာရေးဝန်ကြီး မိုင်အယ်လ်ကိုင်လာက ရာမာလာမြို့ရှိ ဟူဂိုချာဗက်ဇ်ဆေးရုံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကို Moderna ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း၊ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူမည့်သူများမှာ အသက် ၆၀ ကျော် သက်ကြီးပြည်သူများနှင့် ရောဂါအခံရှိသူများဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

“ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ရုရှားနိုင်ငံထုတ် Sputnik V ကာကွယ်ဆေးနဲ့ ပြီးစီးအောင် လုပ်ဆောင်မှာဖြစ်တယ်။ မကြာမီ ပါလက်စတိုင်းသို့ ကာကွယ်ဆေး အလုံးရေ ၅၀၀၀ ရောက်ရှိမှာဖြစ်သလို COVAX အစီအစဉ်အရ ကာကွယ်ဆေးအလုံးရေ ၃၇၀၀၀ ထပ်မံ ရရှိမှာဖြစ်ပါတယ်” ဟု ကျန်းမာရေးဝန်ကြီး ကိုင်လာက ဆိုသည်။ ပါလက်စတိုင်းအစိုးရအဖွဲ့က ဗြိတိန်နိုင်ငံမှ AstraZeneca ကာကွယ်ဆေး ဝယ်ယူခဲ့ပြီး မကြာမီကာလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း၊ ပြည်သူ ၃ ဒသမ ၂ သန်းကို ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပါလက်စတိုင်း၌ ယမန်နေ့အထိ အတည်ပြု ကိုရိုနာဗိုင်းရပ်စ်ကူးစက်လူနာ ၁၈၀၀၁၈ ဦးနှင့် သေဆုံးသူ ၂၀၃၂ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

**ကိုးကား-ဘနားမား**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၀၄၄၈၅၄၇၉ | ဦး |
| သေဆုံးသူ | ၂၂၆၅၀၄၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၇၆၃၆၄၆၈၂ | ဦး |



## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပညာရှင်များ ဝူဟန်မြို့ရှိ ဗိုင်းရပ်စ်ဓာတ်ခွဲခန်းသို့ လာရောက်စစ်ဆေး

**ဝူဟန် ဖေဖော်ဝါရီ ၃**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တာဝန်ရှိသူများသည် ဝူဟန်မြို့ရှိ ဇီဝဗိုင်းရပ်စ်ဓာတ်ခွဲခန်းသို့ ယနေ့တွင် လာရောက်စစ်ဆေးခဲ့ကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာက ဖော်ပြသည်။

တရုတ်နိုင်ငံပိုင် CGTN သတင်းဌာနက “ အမျိုးသားဇီဝလုံခြုံရေးဓာတ်ခွဲခန်းဆီ သွားရောက်ခဲ့ပါတယ်။ ဒီကိစ္စရပ်က ကပ်ရောဂါတားဆီးရေးအတွက် ပညာရပ်ပိုင်း အမြင်ချင်းဖလှယ်ကြဖို့နဲ့ တစ်ဖက်နဲ့တစ်ဖက် ပူးတွဲလုပ်ဆောင်သွားဖို့အတွက် ဆောင်ရွက်ခဲ့တာပါ” ဟု ဖော်ပြခဲ့သည်။

ဝူဟန်ဗိုင်းရပ်စ်ဓာတ်ခွဲခန်းမှစတင်ပြီး ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားခဲ့ခြင်းဖြစ်နိုင်သည်ဟု အမေရိကန်နိုင်ငံက ခန့်မှန်းခဲ့ပြီး အချို့နိုင်ငံများမှ သိပ္ပံပညာရှင်များကလည်း ကိုရိုနာဗိုင်းရပ်စ်မှာ လင်းနို့များမှ လူနှင့် နို့တိုက်သတ္တဝါများသို့ ကူးစက်ခြင်းဖြစ်လာနိုင်သည်ဟူသော ခန့်မှန်းချက်များလည်း ထွက်ပေါ်ခဲ့သည်။ သို့ရာတွင် ယင်းသို့ ပြောကြားချက်များနှင့်စပ်လျဉ်း၍ ခိုင်မာသည့် သက်သေအထောက်အထား တစ်စုံတစ်ရာမတွေ့ရှိရဘဲ ဗိုင်းရပ်စ်စတင်ဖြစ်ပွားခဲ့ပြီး တစ်နှစ်ကျော်အကြာမှာပင် ဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ရသူ နှစ်သန်းကျော် ရှိခဲ့ပြီဖြစ်သည်။

ဗိုင်းရပ်စ်၏မူလဇာစ်မြစ်ကို စုံစမ်းရေးဆောင်ရွက်ချက်ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဆိုင်ရာ စင်တာသို့ ယမန်နေ့တွင် သွားရောက်ခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအထူးအဖွဲ့မှ အဖွဲ့ဝင် မစ္စတာ ဒက်ဇ်ဇက်က တွစ်တာမှတစ်ဆင့် ပြောခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်များသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အများဆုံးဖြစ်ပွားခဲ့ရာ ဝူဟန်ဈေးသို့ သွားရောက်စုံစမ်းစစ်ဆေးမှုပြုခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-မေလွဲ့သင်း**

# AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၆၅ နှစ်အောက် အရွယ်များကိုသာ ထိုးနှံပေးမည်ဟု ပြင်သစ်ကျန်းမာရေးအာဏာပိုင်များ အတည်ပြု

**ပါရီ ဖေဖော်ဝါရီ ၃**

ဗြိတိန်နိုင်ငံထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၆၅ နှစ်အောက်အရွယ်များကိုသာ ထိုးနှံပေးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြင်သစ်ကျန်းမာရေးအာဏာပိုင်များက ယနေ့ အတည်ပြုသည်။

အသက် ၆၅ နှစ်အထက် အသက်ကြီးပိုင်းများကို AstraZeneca ထိုးနှံရာတွင် ရရှိသည့်ထိရောက်မှုနှင့် လုံခြုံမှုဆိုင်ရာ အချက်အလက်များ လုံလောက်စွာမရရှိသဖြင့် ယင်းသို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ပြင်သစ်ကျန်းမာရေးအာဏာပိုင်အဖွဲ့က ပြောသည်။ ပြင်သစ်တွင် အသက် ၅၀ မှ ၆၅ နှစ်ကြား ရှိသူများအား Astra-Zeneca ဆေးအသုံးပြုထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂ( အီးယူ) ဆေးဝါးကွပ်ကဲရေး အာဏာပိုင်အဖွဲ့သည် အရွယ်ရောက်ပြီးသူများ အားလုံး AstraZeneca ဆေးကို ထိုးနှံနိုင်ကြောင်း အတည်ပြုခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့ကိုယ်ပိုင်မူဝါဒများအတိုင်း ဆေးဝါးထိုးနှံရေးကို ဆောင်ရွက်လျက်ရှိသည်။

အစောပိုင်းကပင် အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနှင့် သြစတြီးယားနိုင်ငံတို့ကလည်း အသက် ၆၅ နှစ်အောက် ရှိသူများကိုသာ Astra-Zeneca ဆေးထိုးပေးမည်ဟု ပြောကြားခဲ့ပြီးနောက် ပြင်သစ်နိုင်ငံသည်လည်း AstraZeneca ဆေးကို အသက် ၆၅ နှစ်အောက် ရှိသူများကိုသာ ထိုးနှံပေးမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည့် နောက်ထပ်အီးယူနိုင်ငံတစ်နိုင်ငံလည်း ဖြစ်လာခဲ့သည်။ AstraZeneca ဆေးသည် အသက် ၆၅ နှစ်နှင့်အထက်ရှိသူများကို ထိုးနှံပေးရာတွင် ဆေး၏ ထိရောက်မှုနှုန်း ရှစ်ရာခိုင်နှုန်းကိုသာ ရရှိခဲ့သောကြောင့် ဂျာမနီအစိုးရအနေဖြင့် AstraZeneca ဆေးအပေါ် ယုံကြည်မှုမရှိကြောင်း ဂျာမနီမီဒီယာများက ဖော်ပြခဲ့သည်။




Pfizer နှင့် AstraZeneca ကာကွယ်ဆေး ထောက်ပံ့ပေးရေးလုပ်ငန်းစဉ် ကြန့်ကြာခဲ့မှုကြောင့် အီးယူနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရေးလုပ်ငန်းစဉ်များ နှောင့်နှေးမှုများ ရှိခဲ့ခြင်းအပေါ် ဝေဖန်မှုများလည်း တောက်လျှောက်ထွက်ပေါ်လျက်ရှိသည်။ ဝေဖန်မှုများ ရင်ဆိုင်နေရသည့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က မိမိတို့၏ ဆေးဝါးဝယ်ယူရေးနှင့် ထောက်ပံ့ပေးရေးအစီအစဉ်မှာ လမ်းကြောင်းမှန်ပေါ် ရှိနေဆဲဟု ယုံကြည်ကြောင်း တုံ့ပြန်ခဲ့သည်။

**ကိုးကား- ဘီဘီစီ**
**ဘာသာပြန်-မေလွဲ့သင်း**

# ကလောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ဇော်ဝင်းမောင် (ခ) ပလောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာနေ ဇော်ဝင်းမောင်(ခ)ပလောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၁၄ စီး ၊ သွင်းကုန် ၂၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၀၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၄၃၀ သန်း)တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော B/N Redmi 10X 4G(128 G) (4 GB)(9 U) နှင့် B/N Redmi Note9 Pro (128 G) (6 Gb) (12 U) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် ( CMRS) ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၂၉ ရက်နှင့် ဇန်နဝါရီ ၃၀ ရက်တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် တောင်ညိုကြိုးဝိုင်းအကွက် အမှတ်(၄၄)၊ တောင်ညိုကြိုးဝိုင်း အကွက်အမှတ် (၄၀)အတွင်း၊ အထက်ဆင်သေကြိုးဝိုင်း အကွက်အမှတ် (၇၅)အတွင်း နေရာများ၌ တရားမဝင် ကျွန်း၊ ပျဉ်းကတိုး၊ သင်းဝင်၊ ဘဲ့ပြား၊ ဖက်သန်း၊ တောင်မကျည်း၊ ကြက်ရိုး၊ ရင်းမာ၊ ဘင်္ဂ၊ ရုံး၊ ဖန်ခါး၊ အင်၊ သန်း၊ လိန်၊ သဘွတ်ကြီး၊ တရော်၊ ချဉ်ယုတ်၊ သံသော၊ ကြို့၊ အင်ကြင်း၊ နဘဲ၊ တရော်သစ်၊ သဘောက်၊ ကတီ၊ ခူသန်ခွဲသား၊ ခွဲခြမ်း ၊ မျော ၁၀ ဒသမ ၈၂၇၂ တန်၊ Jianghuai အင်ဂျင်နှစ်လုံးနှင့်အတူ သစ်စက်ဆက်စပ် ပစ္စည်းများအားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် (ပူးတွဲ)ပင်လောင်းမြို့နယ်ပေါင်းလောင်းကြိုးဝိုင်း အကွက်အမှတ် (၇၁)အတွင်း တရားမဝင် ကညင်၊ စံကားဝါခွဲသား ၁၁ ဒသမ ၈၉၄၁ တန်တို့အား သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



ညီညီသန်း(နေပြည်တော်)

# ရေကြည်မြို့နယ်၌ ဝန်မြစ်ကမ်းပါးကွဲအက်လာသဖြင့် နေအိမ်လေးလုံးပြောင်းရွှေ့

**ရေကြည် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကညင်ငူကျေးရွာအုပ်စု ကမ်းနားတန်းရှိ နေအိမ်များသည် ဝန်မြစ်ကမ်းပါး ကွဲအက်လာသဖြင့် နေအိမ်လေးလုံးကို ယနေ့နံနက် ၉ နာရီက ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ကြောင်း သိရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းအောင်က "ဒီနေ့မနက် ကညင်ငူကျေးရွာအုပ်စု မိုင်တိုင်အမှတ် ၅၅/၃ အနီးမှာ ဝန်မြစ်ကမ်းက အက်ကွဲကြောင်းကြီးပေါ်လာတယ်။ အလျား ၈၅ ပေ၊ အနံ ပေ ၃၀၊ အက်ကွဲကြောင်းထိပ်ဝအကျယ် ခြောက်လက်မခန့်ရှိပြီး အန္တရာယ်ဖြစ်နိုင်တဲ့အတွက် သစ်သားအိမ်တစ်လုံးနဲ့ ဝါးအိမ်သုံးလုံးကို သူတို့ရဲ့ မိသားစုဝင်တွေနေအိမ်ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ဆွေမျိုးသားချင်းတွေက ဘေးလွတ်ရာသို့ ဝိုင်းဝန်းရွှေ့ပြောင်းပေးခဲ့ပါတယ်" ဟုပြောသည်။

ပြောင်းရွှေ့နေအိမ် လေးအိမ်၌ မိသားစုဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ခုနစ်ဦး နေထိုင်ကြောင်း သိရသည်။

ဆန်းတင့် (ရေကြည်)






မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။
တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ
အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို
စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး
ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့
စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို
စနစ်တကျပြန်ဆေးပါ။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ဘေးမဲ့တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်သော ဒေသခံများအား ဂုဏ်ပြု

**ဘိုကလေး ဖေဖော်ဝါရီ ၃**

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်သောဒေသခံပြည်သူများအား သစ်တောဦးစီးဌာနမှ ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဖေဖော်ဝါရီ ၂ ရက် နံနက် ၉နာရီခွဲက ပြုလုပ်ခဲ့သည်။

ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က အဖွင့်အမှာစကားပြောကြားပြီး မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏကြည်က ရေဝပ်ဒေသများနေ့အကြောင်း အကျယ်တဝင့် ဟောပြောရှင်းလင်းခဲ့သည်။

ထို့နောက် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်သော ဒေသခံပြည်သူ ခြောက်ဦးအား တာဝန်ရှိသူများနှင့်သစ်တောဦးစီးဌာနက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက အဆိုပါချီးမြှင့်ပွဲသို့ တက်ရောက်လာသူများကိုလည်း ရေဝပ်ဒေသများနေ့အမှတ်တရပြက္ခဒိန်အားပေးအပ်ခဲ့သည်။

**ပိန်းဇလုပ်သိန်းညွန့်**

## ဂုံဘိုတံတား (ယောချောင်းကူး) နှစ်လမ်းသွား သံကူကွန်ကရစ်တံတား ပင်မတိုင်စိုက်ထူခြင်းလုပ်ငန်း ဆောင်ရွက်

**ကျောက်ထု ဖေဖော်ဝါရီ ၃**

ပခုက္ကူ - ပေါက် - ကျောက်ထု - မင်းတပ်ကားလမ်းပြည်ထောင်စုလမ်း ကျောက်ထုမြို့အနီးရှိ ယောချောင်းကူး ဂုံဘိုတံတားသစ်ဆောက်လုပ်ရန် ဇန်နဝါရီ ၁၆ ရက်က မြေသန့်မင်္ဂလာ ပြုလုပ်ခဲ့ပြီး ယခုအခါ တွင် ကွန်ကရစ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဂုံဘိုတံတား (ယောချောင်းကူး)အား တံတားဦးစီးဌာန တည်ဆောက်ရေး(၁) တံတားအထူးအဖွဲ့ (၃) ပခုက္ကူ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်နိုင်ကိုကိုအဖွဲ့မှ တာဝန်ယူတည်ဆောက်ခြင်း ဖြစ်သည်။

တံတားအရှည် ပေ ၇၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေကို ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ်အောက်တည်၊ သံကူကွန်ကရစ်အပေါ်ထည်တို့ဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း၊ စီမံကိန်းတန်ဖိုးငွေကျပ် ၂၃၄၆ သန်း ဖြစ်ပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ရရှိ ရန်ပုံငွေကျပ်သန်း ၁၀၀၀ ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**စိန်ကျော်**

## ချီဖွေမြို့၌ ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေး

**ချီဖွေ ဖေဖော်ဝါရီ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ အသက်(၆)လမှ (၅)နှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးများ တိုက်ကျွေးခြင်း၊အသက်(၂)နှစ်မှ (၉)နှစ်အထိ သန်ချဆေးတိုက်ကျွေးခြင်း အာဟာရဖွံ့ဖြိုးမှုရက်သတ္တပတ်လုပ်ငန်းများကို ဖေဖော်ဝါရီလပထမပတ်တွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်များရှိ ဥက္ကာပ်ရပ်ကွက်၊ ဘာလဲ့ရပ်ကွက်နှင့် ရစ်လောင်ခေါင်ရပ်ကွက်ရှိ အသက်(၆)လမှ (၅)နှစ်အောက်ကလေးငယ်များအား သက်ဆိုင်ရာအ.မ.ကကျောင်းနှင့် အုပ်ချုပ်ရေးမှူးရုံး၌ သားဖွားဆရာမ ဒေါ်ဘောမ်ဝမ်နှင့်ဝန်ထမ်းများကလည်းကောင်း၊ အခြားကျေးရွာများမှကလေးငယ်များအားသက်ဆိုင်ရာကျေးရွာရှိအုပ်ချုပ်ရေးမှူးရုံး၌ စုရပ်ထားရှိ၍ သားဖွားဆရာမဒေါ်စီခေါင်နော၊ သားဖွားဆရာမဒေါ်ဘောမ်ဝမ်နှင့် ဝန်ထမ်းများက ဗီတာမင်ဆေးနှင့်သန်ချဆေးများတိုက်ကျွေးခဲ့ကြသည်။

ဗီတာမင်အေဆေးနှင့် သန်ချဆေးများတိုက်ကျွေးခြင်း အာဟာရဖွံ့ဖြိုးမှုရက် သတ္တပတ်အဖြစ် ဖေဖော်ဝါရီလ ပထမပတ်နှင့် ဒုတိယပတ်များတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အသက်(၆)လမှ (၅)နှစ်အတွင်း ကလေးငယ်များအား ဗီတာမင်အေဆေးများတိုက်ကျွေးခြင်းနှင့် သန်ချဆေးများ ဆက်လက်တိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၃ ရက်တွင် မြို့ပေါ်ဥက္ကာပ်ရပ်ကွက် အတွင်း ကလေးငယ်၅၀ကျော်အား ဗီတာမင်ဆေး၊ သန်ချဆေးတိုက်ကျွေးခြင်းလုပ်ငန်းများအား ကိုဗစ်-၁၉ ရောဂါကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့ကရိတ်မြို့နယ် ကျေးရွာများ၌ ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်

**ကော့ကရိတ် ဖေဖော်ဝါရီ ၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်အကူအညီဖြင့် လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)တွင် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကော့ကရိတ်မြို့နယ်အတွင်းရှိ ကော့ခိုက်ကျေးရွာနှင့် ကမ္မရာကျေးရွာများ၌ ကျေးရွာစာသင်ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေကျပ် ၅၃၇ သိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အတိုင်းအတာအားဖြင့် ကော့ခိုက်ကျေးရွာတွင် (အလျားပေ ၄၀ x အနံပေ ၃၀ x အမြင့် ၁၂ပေ) နှင့် ကမ္မ ကျေးရွာတွင် (အလျားပေ ၆၀ x အနံ ပေ ၃၀x အမြင့် ၁၂ပေ) ဖြင့် ဆောင်ရွက်လျက်ရှိပြီး လက်ရှိ အခြေအနေတွင် ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတိုးချဲ့ကျောင်းဆောင်ဆောက်လုပ်ခြင်းကို လူထုဗဟိုပြုစီမံကိန်းမှ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့် မြို့နယ်နည်းပညာအကြံပေးအဖွဲ့တို့၏ စနစ်တကျလမ်းညွှန်မှု၊ ရပ်ရွာပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက ကျောင်းနေအရွယ် ကလေးသူငယ်စုစုပေါင်း ၄၁၀ အတွက် စာသင်ကြားရာတွင် လုံလောက်သောစာသင်ခန်းများဖြင့် ကောင်းမွန်စွာ ပညာသင်ကြားနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးကောင်းနှင့် မိုးညှင်းမြို့နယ် သမဝါယမကဏ္ဍမှ ငါး၊ ပုစွန်များ ရောင်းချဖြန့်ဖြူး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကိုဗစ်-၁၉ ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို သမဝါယမကဏ္ဍက No Profit, No Loss ဟူသော သမဝါယမ၏မူတစ်ရပ်ဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ကချင်ပြည်နယ် သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းချိတ်ဆက်၍ မိုးကောင်းနှင့် မိုးညှင်းမြို့နယ်တို့မှ ငါးကြင်းဖြူတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀/၈၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ ငါးသလောက်တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀/၂၀၀၀၀၊ တီလားပီးယားတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀/၅၅၀၀၊ ရေဘဝဲတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ နှင့် ပုစွန်ထုပ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀/ ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ပိဿာချိန် ၁၈၅ ဒသမ ၅ ပိဿာကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများအား ဒေသပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**○ ရန်ကုန်မှ**

လက်ရှိအချိန်တွင် ကုန်စည်နှင့် မော်တော်ယာဉ်သွားလာမှု များပြားလာခြင်းကြောင့် ယခင်ပုံမှန်ပြေးဆွဲနေသော ကားကူးဇက်ယာဉ် နှစ်စင်းဖြင့် ပြန်လည်ပြေးဆွဲခဲ့ရာ ခရီးသည်နှင့် ကုန်စည်အပါအဝင် မော်တော်ယာဉ်အစီးရေ ၅၀၀ ခန့် ပို့ဆောင်ပေးလျက်ရှိကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲမှ (စီမံ၊ ကွပ်ကဲ) မန်နေဂျာ ဦးကျော်ထူးအောင်က ပြောသည်။

လက်ရှိအချိန်၌ ရန်ကုန် (ဝါးတန်း)မှ ဒလ ကားကူးဇက်ရေယာဉ်လမ်း၌ ကုန်စည်နှင့် မော်တော်ယာဉ်များကို ကားကူးဇက်ရေယာဉ် နှစ်စင်းဖြင့် အသွား ရှစ်ခေါက်၊ အပြန် ရှစ်ခေါက်နှုန်းဖြင့် တစ်နေ့လျှင် ၁၆ ခေါက် သယ်ယူပို့ဆောင်ပေးလျက်ရှိရာ နေ့စဉ် ယာဉ်အစီးရေ ၅၀၀ ခန့်နှင့် ကုန်စည်တန်ချိန် ၉၀ ခန့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားသော ကာလများက အဆိုပါကူးတို့လမ်း၌ ပုံမှန်ခေါက်ရေထက် လျှော့ချပြီး ကုန်စည်များ ပြတ်တောက်မှုမဖြစ်ပေါ်စေရေးနှင့် မော်တော်ယာဉ်များ သွားလာမှုအခြေအနေပေါ်မူတည်၍ ရပ်နားခြင်းမရှိဘဲ ဇက်ရေယာဉ်တစ်စင်းဖြင့်သာ ပြေးဆွဲပေးခဲ့ပြီး ဇန်နဝါရီ ၅ ရက်မှစတင်၍ ကားကူးဇက်ရေယာဉ် နှစ်စင်းဖြင့် ဒလဘက်မှထွက်ချိန် နံနက် ၆ နာရီခွဲမှ ည ၆ နာရီခွဲအထိလည်းကောင်း၊ ဝါးတန်း(ကီလီ)မှ နံနက် ၇ နာရီမှ ည ၇ နာရီအထိလည်းကောင်း ခရီးသည်၊ ကုန်စည်နှင့် မော်တော်ယာဉ်များကို အဆင်ပြေချောမွေ့စေရေး အတွက် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နိုင်လင်းကျော်(IPRD)**

**✻ ကျောဖုံးမှ**

အလှဓာတ်ပုံရိုက်သူများဖြင့် အနားယူအပန်းဖြေကြကာ စည်ကားလျက်ရှိသည်။ ကွမ်းသီးခြံသို့ သွားရောက်လည်ပတ်ရာတွင် ရွှင်မြို့မြောက်ဘက် ရေဦး-သိမ်ကုန်း-အင်းကြီး-ဒလပင်- ငွေတောင်-တပင်ပျော်ကျေးရွာများမှတစ်ဆင့် ယုံဖွေကွမ်းသီးခြံသို့လည်းကောင်း၊ ငှက်သောက်ကျေးရွာမှလည်းကောင်း ခြေကျင်၊ ဆိုင်ကယ်များဖြင့် သွားရောက်နိုင်ပြီး ကွမ်းသီးပင်စိုက်ပျိုးမှု၊ ခူးဆွတ်မှုစုံလင်စွာ အပန်းဖြေအနားယူခရီးသွားများ လည်ပတ်နေကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျွန်မချစ်သော......မြန်မာ့အသံ

## ပါမောက္ခဒေါက်တာတင်တင်သောင်း

"မမသောင်း ....က ခုထိ မြန်မာ့အသံကို နားထောင်နေ တုန်းပဲလား......"

အသိမိတ်ဆွေတစ်ယောက်၏ မေးလိုက်သော အသံကို ကျွန်မပြုံးပြီး နားထောင်ရင်း ပြန်ဖြေပေး လိုက်ပါသည်။

"မမကိုးနှစ်သမီးဘဝကတည်းက နားထောင်ခဲ့တာ အခု ၇၂ နှစ်ရောက်တော့လည်း နားထောင်နေဆဲပါပဲကွယ်။ နားကောင်းနေသရွေ့ နားထောင်နေမှာပါ"

အခုလို အစစအရာရာတိုးတက်ပြောင်းလဲနေသည့် ခေတ်ကြီးတွင် ကျွန်မ ရေဒီယိုမဖွင့်ရလျှင် မနေနိုင်ခဲ့ပါ။ ကျွန်မတို့ငယ်စဉ်က အိမ်မှာ ရေဒီယိုအကြီးတစ်လုံး ရှိခဲ့ ပါသည်။ ဖေဖေ၊ မေမေတို့လည်း အမြဲနားထောင်လေ့ ရှိပြီး မှတ်သားစရာများကို ဖေဖေကလိုက်မှတ်ထား ခိုင်းပါသည်။ အင်္ဂလိပ်ပိုင်း အစီအစဉ်ကိုပါ နားထောင် စေခဲ့ရာ..

**"Here is the news, read by Hla Bu."** ဆိုတဲ့ ဦးလှဘူး အသံကို ယခုထိကြားယောင်နေဆဲ ဖြစ်ပါသည်။ အသံအနိမ့်အမြင့်၊ အတက်အကျ၊ အဖြတ်အတောက် များ ကောင်းမွန်ကြပါသည်။ ဦးအောင်မြင့်၊ ဦးလှဝင်း၊ ဒေါ်သန်းနှစ်၊ ဒေါ်မြနှစ်၊ ဒေါ်တင်တင်မြ၊ ဒေါ်မာမာအေး၊ ဒေါ်ချစ်စံပယ်၊ မြန်မာပိုင်းအသံလွှင့်သူများ၊ သတင်းများ၊ ဇာတ်လမ်းပမာ၊ ဘောလုံးပွဲအစီအစဉ်၊ အငြိမ့် စသဖြင့်

..." ပြန်ကြားပေးရန် ... မြန်မာ့အသံ
ပညာပေးရန်... မြန်မာ့အသံ
ဖျော်ဖြေမှုပေးရန် ... မြန်မာ့အသံ"

တာဝန်သုံးရပ်လုံး ကျေပွန်ခဲ့သော "ပြည်သူ့ အတွက် မြန်မာ့အသံ" သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ၇၅ နှစ်ပြည့်ပါတော့မည်။

ကျွန်မသည် " မြန်မာ့အသံ ချစ်သူ" အဖွဲ့ဝင် တစ်ဦး ဖြစ်ပါသည်။ ပြည်မြို့တွေ့ဆုံပွဲသို့ ရန်ကုန်မြို့မှ တကူးတကသွားရောက်ကာ တက်ရောက်ခဲ့ပါသည်။ မြန်မာ့အသံဝိုင်းတော်သားများ တက်ညီလက်ညီ ဖျော်ဖြေ တင်ဆက်မှုများကို မြန်မာ့အသံ ချစ်သူများက ခန်းလုံး ပြည့် တစ်ခဲနက် အားပေးခဲ့ကြသည်ကို မမေ့နိုင်ပါ။ အသက် ကြီးသူများကို ရေဒီယိုအသေးနှစ်လုံးစီ လက်ဆောင် ပေးခဲ့သည်မို့ ကျွန်မအမြတ်တနိုး သိမ်းထားခဲ့ပြီး ဖွင့်၍ လည်း နားဆင်နေမိခဲ့ပါသည်။

ကျွန်မ မြန်မာ့အသံကို ချစ်မြတ်နိုးရသည့် အကြောင်းရင်းနှစ်ခု ရှိပါသည်။

(၁) နံနက် ၅ နာရီခွဲမှစ၍ ည ၁၀ နာရီအထိ သတင်း ထူး၊ သတင်းဦးများရော ပညာပေး၊ ကျန်းမာရေး၊ ဥပဒေ ရေးရာ၊ သိပ္ပံပညာ၊ ကမ္ဘာ့မြင်ကွင်းသတင်းအဖုံဖုံ ဖျော်ဖြေမှု၊ သီချင်းများ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် နားဆင်ခွင့်ရခြင်း၊

(၂) ရေဒီယိုဖွင့်ထားပြီး ကျန်သည့်အလုပ်များ လုပ်နိုင်ခြင်းကြောင့် အလုပ်နှစ်မျိုး တစ်ပြိုင်နက်ပြီးနိုင် ခြင်းတို့ကြောင့် ဖြစ်ပါသည်။

အစီအစဉ်ပေါင်းများစွာရှိသည့်အနက် အကြိုက်ဆုံး အစီအစဉ် ငါးခုကို အကျဉ်းချုံး၍တင်ပြပါရစေ။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရုံးချုပ်ကို တွေ့ရစဉ်။

**(၁)တရားတော်များအစီအစဉ်**

နံနက် ၅ နာရီခွဲပြီဆိုတာနဲ့ တောင်တန်းသာသနာ ပြုဆရာတော်ကြီးနှင့် မင်းကွန်းတိပိဋက ဆရာတော် ကြီးနှစ်ပါး တစ်လှည့်စီပရိတ်တရားတော်များ ချီးမြှင့်သည့် အစီအစဉ်။ ယခု ကိုဗစ်ကာလတွင် ရတနသုတ်တော်ကို နေ့စဉ်မပြတ် ပူဇော်နေသည်များမှာ ကျက်သရေမင်္ဂလာ အဖြာဖြာ ပြည့်စုံလှပါသည်။

တနင်္ဂနွေနေ့ နံနက် ၆ နာရီတိုင်းတွင်လည်း ဆရာ တော်ကြီးများ၏ တရားရေအေး အမြိုက်ဆေး တိုက်ကျွေး မှုများကို နာကြားကြရသည့်အပြင် အခါကြီး၊ ရက်ကြီးများ၊ ဝါတွင်း သုံးလပတ်လုံး ဥပုသ်နေ့တိုင်း ကိုးပါးသီလ တရား တော်မြတ်ကို နာယူဆောက်တည်နိုင်ကြပါသည်။

ကိုးဘွဲ့ရဆရာတော်ကြီး၏ "နှလုံးသားကိုအလှ ဆင်ပါ" အမေး၊ အဖြေကဏ္ဍသည်လည်း မှတ်သားစရာ များဖြစ်ပါသည်။

**(၂) ကဗျာအမြင်၊ စာအမြင်၊ ကဗျာရင်ခုန်သံ**

ကျွန်မသည် ငယ်စဉ်ဘဝကတည်းက ကဗျာများကို နှစ်သက်မြတ်နိုးခဲ့သူဖြစ်ပါသည်။

**"ဥသြသံညင်း၊ မြူနှင်းမှုန်မှုန်၊**
**တို့ရိပ်မြုံမှာ၊ ဆောင်းကုန်နွေကူး၊**
**ကံ့ကော်ဖူးလို့၊**
**နွေဦး ... ရောက်ပြီ သူငယ်ချင်း"**

ကျွန်မရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာနတွင် ၁၆ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရစဉ် သစ်ပုပ်ပင်ကြီးပေါ်မှ ဥသြငှက်သံလေးများကို နာခံရစမြဲဖြစ်ပါသည်။ ကဗျာ ဆရာ၏အမည်ကို မှတ်မထားမိတာ စိတ်မကောင်းဖြစ်မိရ ပါသည်။ တစ်ခါပဲဖတ်၊ တစ်ခါတည်းမှတ်မိသွားသော အဲဒီ ကဗျာလေးထဲမှာပါသည့်အတိုင်း ကံ့ကော်တွေဖူး နွေဦး ရောက်လျှင် မိဘရပ်ထံမပြန်ရဘဲ ဌာနမှာ တက္ကသိုလ် ဝင်တန်းအဖြေလွှာတွေ စစ်ဆေးရစမြဲပါ။

ဆရာမြင်းမူမောင်နိုင်မိုးက အတွေ့အကြုံဟောင်းများ ရော အတွေ့အကြုံသစ်များကိုပါ နားဆင်သူမပျင်းရအောင် ဆွဲဆောင်ပြီး ကဗျာများကို မြန်မာ့အသံမှ ရွတ်ဆိုပေးတတ် ပါသည်။ တက်သစ်စလူငယ်လေးများအတွက်လည်း ကဗျာရင်ခုန်သံကဏ္ဍက အထူးကောင်းမွန်လှပါသည်။

**(၃)ကမ္ဘာ့မြင်ကွင်း၊ သတင်းအဖုံဖုံ**

ဦးကိုကိုလှိုင်၏ ဤကဏ္ဍကိုလည်း မလွတ်တမ်း နားဆင်နေခဲ့မိပါသည်။ ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင် ဆိုသကဲ့သို့ နားထောင်နေရင်း ကမ္ဘာတစ်လွှားမှ အဖြစ် အပျက်များကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်နိုင်စွမ်းရှိပါ ပေသည်ဟု ကျွန်မဂုဏ်ပြုစကားပြောကြားပေးပါရစေရှင်။

**(၄)ချမ်းမြေ့သာယာ သီရိဂေဟာ**

ငယ်စဉ်က ကိုမြကြီးနှင့်မခင်မူကို သတိရနေမိပါသည်။ အိမ်ထောင်တစ်ခု တည်ဆောက်ရသည်မှာ ရေရှည်တည်တံ့ ခိုင်မြဲဖို့ရန် အမှန်တော့မလွယ်ကူလှပါ။ အခုခေတ်လူငယ်များ အတုယူစဖွယ်ဖြစ်အောင် ပညာပေးထားသည့်ကဏ္ဍ ဖြစ်ပါသည်။ မိုးရွာတုန်း ရေခံတတ်ဖို့လိုပါသည်။ တချို့က မိုးရွာလျှင် စည်ပိုင်းများ၊ စဉ့်အိုးများအပြည့်ခံတတ်ကြ သော်လည်း တချို့က နို့ဆီခွက်၊ အုန်းမှုတ်ခွက်လောက်ဖြင့် ခံတတ်ကြပါသည်။ လုံးဝရေမခံတတ်သူများလည်း ရှိပါ သည်။

**(၅)ဇရာကိုဖြတ်ကျော်ခြင်း**

ကျွန်မသည် မြန်မာ့အသံမှ သမီးလေးဒေါ်သင်းသင်း ခိုင်မေးမြန်းသည့် ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ပြည့် ဂုဏ်ပြုအစီအစဉ်၊ ချမ်းမြေ့သာယာ သီရိဂေဟာ၊ သမီးလေး ဒေါ်ခိုင်ခိုင်မော် မေးမြန်းသည့် ဇရာကိုဖြတ်ကျော်ခြင်း အစီအစဉ်၊ သမီးလေးဒေါ်ခင်သက်ဆွေ မေးမြန်းသည့် စိန်ရတုမြန်မာ့အသံ ဂုဏ်ပြုအစီအစဉ်တို့တွင် ပါဝင်ဖြေဆို ခဲ့ဖူးပါသည်။

နေဝင်ချိန် တိမ်တောက်နေသလို လူ့ဘဝ၏ နောက်ဆုံးအချိန်များကို ကုသိုလ်ကောင်းမှုများဖြင့် မွေ့လျော်စွာနေသွားနိုင်အောင် ကြိုးစားနေပါသည်။ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးလုံးစောင့်ထိန်းပြီး အများအတွက် ဓမ္မဒါနဆောင်းပါးများ၊ ပညာရေးဆောင်းပါးများရေးသား၍ ဘာဝနာတရားများ ကျင့်ကြံကြိုးကုတ် အားထုတ်နေ ပါသဖြင့် ငြိမ်းချမ်းမှုကို ရရှိနေပါသည်။

ဆရာမဒေါ်မေကျော့ရှင်း၏ စကားအတိုင်း အိုပယ် မဟုတ်ဘဲ အိုကြွယ်ဖြစ်နေသည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်နေမိပါတော့သည်။

ကျွန်မချစ်သော မြန်မာ့အသံမှ အစီအစဉ်များမှာ ထူးခြားကောင်းမွန်လှပါသည်။ အစီအစဉ် အနည်းငယ်ကို သာ ဖော်ပြရေးသားရခြင်းဖြစ်ပါသည်။ လူငယ်များ အတွက် လူငယ်ပန်းဥယျာဉ်၊ လူငယ်မှတ်သား သုတစကား စသည့် ကောင်းမွန်သော ကဏ္ဍများ၊ ကျန်းမာရေးအတွက် ဆရာကြီး ဒေါက်တာ လှကြည်၊ ပတ်ဝန်းကျင်အကြောင်း သိကောင်းစရာများ ဖျော်ဖြေရေးဘက်တွင်လည်း သူ့ခေတ်သူ့အခါ၊ တေးသံသာ၊ နှလုံးသားထဲက တေးသံ များ၊ ရေဒီယိုမူရင်း ရွှေသီချင်း၊ သောတရှင်များ ပြုံးပျော်နိုင်စေရန် ပြုံးပဒေသာ၊ လေလှိုင်းကြားက ပွဲတင်သံ၊ တစ်နေ့တာ အလွဲများ စသည်ဖြင့် စုံလင် လှပါတော့သည်။

"ချစ်သောတရှင်" များနှင့် မြန်မာ့အသံ ပိုမိုရင်းနှီးရန် တွေ့ဆုံပွဲများ အဖန်ဖန်ပြုလုပ်နိုင်ခြင်းသည်လည်း အထူး ကောင်းမွန်လှပါသည်။

ကျွန်မချစ်သောမြန်မာ့အသံ (၇၅)နှစ်မြောက် စိန်ရတုနေ့မှစ၍ လာမည့်ရက်၊ လ၊ နှစ်များမှာ ကံဇာတာ၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် အနာဂတ်အတွက် ကောင်းခြင်းမင်္ဂလာ အဖြာဖြာဖြင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်ရှင့်။ ။

**အခုလို အစစအရာရာတိုးတက်ပြောင်းလဲနေသည့် ခေတ်ကြီးတွင် ကျွန်မ ရေဒီယိုမဖွင့်ရလျှင် မနေနိုင်ခဲ့ပါ။ ကျွန်မတို့ငယ်စဉ်က အိမ်မှာ ရေဒီယိုအကြီးတစ်လုံး ရှိခဲ့ပါသည်။ ဖေဖေ၊ မေမေ တို့လည်း အမြဲနားထောင်လေ့ရှိပြီး မှတ်သားစရာများကို ဖေဖေက လိုက်မှတ်ထားခိုင်းပါသည်။ အင်္ဂလိပ်ပိုင်း အစီအစဉ်ကိုပါ နားထောင်စေခဲ့ရာ ..... "Here is the news, read by Hla Bu." ဆိုတဲ့ ဦးလှဘူး အသံကို ယခုထိကြားယောင်နေဆဲဖြစ်။**

## လွှင့်ပျံ့သင်းတဲ့ ရေဒီယို

❖ ရှေးအခါက၊ နားသောတဆင်
စုံလင်ကြားရ၊ ငြိမ့်ညောင်းလှစွာ
သုတများထွေ၊ မှတ်ဖွယ်တွေနှင့်
ရှာဖွေထုတ်လွှင့်၊ ထံတျာဆင့်လျက်
ကျူးရင့်သံသာ၊ တိုင်းနယ်ရွာနှံ့
လွှင့်ပျံ့သင်းလှ ရေဒီယို။

❖ ရုပ်မြင်သံကြား
ပြေးလွှားကြည့်ရှု၊ ခံစားမှုလျှင်
ယခုချိန်တိုင်၊ မမေ့နိုင်ခဲ့
မြိုင်ဆိုင်အကာ၊ တေးဂီတနှင့်
စုံစွစီစဉ်၊ ပြည်သူ့ရင်ကို
ခိုဝင်ချိုမြ၊ တင်ဆက်ပြသည့်
မြန်မာ့အသံ အားမာန်ပင်။

❖ ချိန်ခါကြာညောင်း၊ ခေတ်တွေပြောင်းလည်း
အဟောင်းသစ်လွင်၊ ခေတ်ဆန်းသွင်နှင့်
ရှုမြင်ခံစား၊ မျက်ဝါးထင်ထင်
တွေ့မြင်သည်ကား၊ မြန်မာသားတို့
အားထားရသည့် မြန်မာ့အသံ။

❖ တင်ဆက်ဖျော်ဖြေ၊ ရသတွေနှင့်
ဖြာဝေသုတ၊ ပေးဝေငှသည့်
မြန်မာ့အသံ၊ ထုတ်လွှင့်ပြန်၍
ဖန်ဖန်ကြားရ၊ ခုံမင်လှမို့
ဘဝအားမာန်၊ ပြည့်ဖြိုးလျှံသည်
ပျော်စံကိန်းမွေ့ မလွဲနိုင်။ ။

အောင်လံမြေနေရီမိုး
(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၅)နှစ် ပြည့် စိန်ရတုနှစ်ပတ်လည်ဂုဏ်ပြုလျက်)

## ထိုင်းနိုင်ငံထွက်( ယိုးဒယား )သရက်သီးများ ပခုက္ကူဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်



**ပခုက္ကူ ဖေဖော်ဝါရီ ၃**
ထိုင်းနိုင်ငံထွက် (ယိုးဒယား)သရက်သီးများ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) မြို့မဈေးကြီးသို့ လှိုင်လှိုင်ဝင်ရောက်လာပြီဖြစ်ကြောင်း သရက်ချဉ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့် မြနီလာပွဲရုံပိုင်ရှင် ဦးတင်ကိုထံမှ သိရသည်။

ထိုင်းနိုင်ငံထွက်(ယိုးဒယားသရက်)ဒေသအခေါ်သရက်သီးများ တစ်နှစ်ပတ်လုံးဝင်ရောက်လျက်ရှိရာ ယခုအခါ သရက်သီးများ များပြားစွာဝင်ရောက်လာကြောင်းနှင့် မြန်မာနိုင်ငံအတွင်း ဒေသမျိုးရင်းသရက်ပင်များ ဖူးပွင့်ချိန်ရောက်မှ သရက်သီးဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ကြောင်းသိရကာ ခြောက်ပိဿာအိတ်တစ်အိတ်လျှင် ကျပ် ၆၀၀၀ ပေးဝယ်ရကြောင်း၊ နွေရာသီကခြောက်ပိဿာအိတ်တစ်အိတ်လျှင် ကျပ် ၈၀၀၀ ထိပေးဝယ်ကာ သရက်သီးအသစ်မပြတ်စေရန်ဝယ်ယူ၍ သရက်သီး ပေါက်စိတ်လုပ်ရောင်းချခဲ့ကြောင်းသိရကာ သရက်သီးပေါက်စိတ်တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ဖြင့် ပြန်လည်ရောင်းချရကြောင်း၊ သရက်သီးပေါက်စိပ်များအား ဆားတစ်မျိုးတည်းဖြင့်သာ ရောမွှေပြီး ပြန်လည်ရောင်းချကြောင်း ဒေါ်ကေသီက ရှင်းပြသည်။

မြန်မာ့ဒေသမျိုးရင်းသရက်များပေါ်ချိန်တွင် ပေါ်ဦးပေါ်စသာ ဈေးရရှိပြီး သရက်မျိုးစုံလှိုင်လှိုင်ပေါ်ချိန် သရက်သီးတစ်တင်း ကျပ် ၂၀၀၀ မှ ၂၅၀၀ သာဈေးရှိတတ်ကြောင်း၊ သရက်မျိုးစုံလှိုင်လှိုင်ပေါ်ချိန် စဉ့်အိုးများဖြင့် လှောင်သိပ်ခြင်း၊ သစ်သားသေတ္တာများအတွင်း ပလတ်စတစ်ခံသိပ်ခြင်း၊ ဖက်ကြမ်းဆေးလိပ်အပိုများဖြင့် လှောင်သိပ်ထားကြကာ သရက်သီးအစိမ်းရှားပါးချိန်မှစတင်ကာ လှောင်သိပ်ထားသည့် သရက်ချဉ်များအား စတင်ရောင်းချရကြောင်း၊ စတင်ရောင်းချချိန်က တစ်ပိဿာ ကျပ် ၁၂၀၀ မှ ယခုအခါ သရက်လှောင် သရက်ချဉ်(အဟောင်း)တစ်ပိဿာ ကျပ် ၁၄၀၀ ဖြစ်နေကြောင်းသိရသည်။

ထိုင်းနိုင်ငံမှဝင်ရောက်လာသည့် သရက်သီးများသည် ဒေသမျိုးသရက်လောက် စားမကောင်းသော်လည်း တစ်နှစ်ပတ်လုံးသီးကာ ရောင်းချရခြင်းကြောင့် ဈေးကွက်အသာစီးရနေကြောင်း သရက်ချဉ်လုပ်ငန်းရှင်များက ရှင်းပြသည်။

**ကိုထိန်(ပြန်/ဆက်)**

## ဆောင်းရာသီထွက် ပဲမျိုးစုံကို ကျေးလက်ဒေသအထိ လာရောက်ဝယ်ယူ၍ ဈေးကွက်ကောင်းမွန်နေ



**ရေတာရှည် ဖေဖော်ဝါရီ ၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခုဆောင်းရာသီကာလ ရိတ်သိမ်းလျက်သည့် ပဲမျိုးစုံကို ကျေးလက်ဒေသများအထိ ကွင်းဆင်းဝယ်ယူမှုများရှိနေရာ ဈေးကွက်ကောင်းမွန်လျက်ရှိနေကြောင်း ပဲစိုက်ပျိုးသည့် တောင်သူများ၏ပြောကြားချက်အရ သိရသည်။

မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွန်း အစရှိသည့် ပဲမျိုးများကို ရိတ်သိမ်းနေခြင်းဖြစ်ပြီး လက်ရှိ ရောင်းချရသော ဈေးကွက်အနေအထားအရ မတ်ပဲ တစ်တင်းခွဲအိတ်တစ်အိတ်လျှင် ကျပ် ၄၅၀၀၀ ၊ ပဲတီစိမ်းတစ်အိတ်လျှင် ကျပ် ၆၄၀၀၀ ရရှိကြောင်း၊ ပဲလွန်းမှာ ပဲတီစိမ်းထက် ဈေးပိုမိုရရှိကြောင်း ကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာနေ ပဲစိုက်ပျိုးပြီး လက်ရှိရိတ်သိမ်းနေသည့် တောင်သူ ဒေါ်ကြည်က ပြောသည်။

ပဲရိတ်သိမ်းရာတွင် ပဲတီစိမ်းနှင့် ပဲလွန်းမျိုးမှာ အသီးခူးဆွတ်ရခြင်းဖြစ်ပြီး တစ်ကေလျှင် နေ့ဝက်စနစ်ဖြင့် လူ ၂၀ ခန့်ကို တစ်ဦးလျှင် နေ့စားခ ကျပ် ၂၅၀၀၊ သုတ်သူကြီးခ ကျပ် ၂၀၀ ပါထပ်ဆောင်းပေးဆောင်ရခြင်းဖြစ်ပြီး ပဲခင်းအထူအပါးပေါ်မူတည်၍ လူအနည်းအများကွာခြားမှုရှိကြောင်း ၎င်းကပင် ဆက်လက်ပြောပြသည်။

ပဲသီးနှံမှာ စတင်စိုက်ပျိုးပြီး ၁၅ ရက်သားမှ စတင်ပြီး ပိုးသတ်ဆေးမျိုးစုံ၊ အပင်အားဆေး၊ အသီးအားဆေးများကို လုပ်သားများငှားရမ်း၍ တစ်ပတ်သို့မဟုတ် ဆယ်ရက်ခြားတစ်ခါ ဖျန်းပေးရသည်။

"ပဲစိုက်ပျိုးတဲ့ တောင်သူအချင်းချင်း အတွေ့အကြုံဖလှယ်ကြပါတယ်။ ဘယ်ဆေးက ထိရောက်မှုရှိတယ်၊ ဘယ်ဆေးကတော့ မကောင်းဘူးပေါ့။ ၁၀ ဦးကိုမေးတော့ ၁၀ မျိုးဖြစ်ကုန်တာပေါ့။ ဟိုဆေးကောင်းနိုးနိုး ဒီဆေးကောင်းနိုးနိုးနဲ့ ချလိုက်တာ ပဲကိုးကေစိုက်ထားတာ ဆေးဖိုး ကျပ် ၇၀၀၀၀၀ ကျော်သွားပြီ"ဟု ဆွာမင်းလမ်း ကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

တောင်သူများ ပဲစတင်စိုက်ပျိုးစဉ်က ရာသီဥတုအခြေအနေအရ စပါးရိတ်ပြီး အစောပိုင်းစိုက်ပျိုးသူများအနေဖြင့် အစိုဓာတ်ကောင်းမွန်ခြင်းကြောင့် ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး နောက်ကျသူများအနေဖြင့် အစိုဓာတ်မြေခံ လျော့နည်းသည့်အတွက် အစောပိုင်းစိုက်ပျိုးသည့် ပဲခင်းများလောက် ကောင်းမွန်မှုနည်းပါးကာ ဆေးဖိုးကုန်ကျစရိတ်ပိုမိုများပြားသည်ကိုလည်း တွေ့ရှိရသည်။

ရိတ်သိမ်းဆဲ ပဲစိုက်ခင်းများအနေဖြင့် တစ်ကေလျှင် ၁၅ တင်း မှ တင်း ၂၀ နီးပါးအထိထွက်ရှိပြီး ထွန်ယက်ခ၊ မျိုးဖိုး၊ ဆေးဖိုး၊ လုပ်သားငှားရမ်းခ၊ ရိတ်ခြွေကုန်ကျစရိတ်များရှိသော်လည်း လက်ရှိပေါက်ဈေးဖြင့် တွက်ကြည့်လျှင် အကျိုးအမြတ်ရှိနေကြသည်ကို တွေ့ရှိရသည်။

**ကိုလွင်(ဆွာ)**

## ဥဒေါင်းကျေးရွာတွင် ဆောင်းသီးနှံမြေပဲစံကွက်ရိတ်သိမ်း

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၃**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဥဒေါင်းကျေးရွာတွင် တောင်သူဦးလှဝင်းစိုက်ပျိုးထားသောမြေပဲ ဆင်းပဒေသာ-၁၁မျိုး စံပြစိုက်ခင်းနှင့် ဂျပန်ကြီးမျိုးစိုက်ခင်းအား စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်ဝင်း၊ ရွှေဂွန်းစိုက်ပျိုးရေးနည်းပညာပေးတာဝန်ခံ ဦးစိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ဥဒေါင်းကျေးရွာ တောင်သူဦးလှဝင်းစိုက်ပျိုးထားသော မြေပဲ ဆင်းပဒေသာ-၁၁ မျိုးစံပြစိုက်ခင်းကို စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ၉၅ တင်းနှင့် ဂျပန်ကြီးမျိုး တစ်ဧကလျှင် ၁၂၅ တင်း ထွက်ရှိ၍ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကွမ်းရွက်ဈေး အတက်အကျရှိသော်လည်း တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရရှိရေး ကွမ်းပင်များ စိုက်ပျိုးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၃**
ကွမ်းရွက်ဈေး အတက်အကျရှိသော်လည်း တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရရှိရေး ကွမ်းပင်များအား စိုက်ပျိုးလျက်ရှိကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဖလမ်းကျေးရွာနေ ကွမ်းစိုက်တောင်သူ ဦးကျော်အောင်ထံမှ သိရသည်။

"ကျွန်တော်ကတော့ ကွမ်းပင်တွေကို တိုင်ပေါင်း ၄၀၀၀ ကျော်လောက် စိုက်ပျိုးထားပါတယ်။ အခုအချိန်အထိ ကွမ်းပင်စိုက်ပျိုးထားတဲ့ သက်တမ်းက ခြောက်လလောက်ရှိပါပြီ။ ကွမ်းပင်က စတင်စိုက်ပျိုးပြီး သုံးလလောက်ဆို အညွန့်နဲ့အရွက်တွေကို စတင်ခူးရောင်းလို့ရပါ တယ်။ ဒါပေမယ့် ကွမ်းပင်ရဲ့ ကျန်းမာရေးကောင်းဖို့တော့လိုပါတယ်။ ကွမ်းပင်က အပင်ငယ်ငယ်နဲ့ ချူချာတယ်ဆိုရင် စိုက်ပျိုးရတာ ရှုံးတာပေါ့။ ကျွန်တော်ကတော့ လက်ရှိကွမ်းပင်ရဲ့ ရှင်သန်မှုအား ကောင်းနေလို့ ဝမ်းသာရတယ်၊ ဂရုတစိုက်တော့ ရှိရပါတယ်။ ကျွန်တော့် ကွမ်းရွက်တွေတော့ ကျောက်တန်းဈေးထဲကိုပဲ ရောင်းချပါတယ်။ ကွမ်းရွက်ဈေးကတော့ အတက်အကျရှိပါတယ်။ အခု ကွမ်းရွက်ဝယ်ဈေးက တစ်ပိဿာ ကျပ် ၅၀၀၀ နှုန်းလောက်ရှိ ပါတယ်" ဟု ဦးကျော်အောင်က ပြောသည်။

ကျောက်တန်းမြို့နယ် ဖလမ်းကျေးရွာတွင် တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရရှိရေးအတွက် ကွမ်းပင်စိုက်ပျိုးနေသူ ငါးဦးမှ ခြောက်ဦးခန့်ရှိကြောင်းနှင့် ကွမ်းရွက်စိုက်ပျိုးသူများအနေဖြင့် ကွမ်းရွက်အပြင် အခြားဟင်းသီး ဟင်းရွက်များဖြစ်သော၊ ဘူးပင်၊ ကျောက်ဖရုံပင်၊ ကန်စွန်းရွက်၊ ဂေါ်ဖီပန်း၊ ချဉ်ပေါင်ပင်၊ စပါးလင်ပင်နှင့် ငှက်ပျောပင်များကိုလည်း ပူးတွဲ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (ခရိုင်ပြန်/ဆက်)**



## ဂန့်ဂေါ၌ သဘာဝမြေဆွေးအသုံးပြုရေး နည်းပညာပေး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၃**
စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် အထောက်အကူဖြစ်စေရန် ဓာတုမြေသြဇာများကို လျှော့ချပြီး ကောင်းစွာဆွေးမြည့်နေသည့် သဘာဝမြေသြဇာများကို ပြုလုပ်သုံးစွဲကြရန် ပညာပေးစည်းရုံးခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂ ရက်က ဂန့်ဂေါမြို့နယ် ကန်ကျေးရွာအတွင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဂန့်ဂေါခရိုင်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်တင်မာဖြိုး၊ ဒုတိယဦးစီးမှူး ဦးအောင်ဇော်လင်း၊ ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဇော်နှင့် ဝန်ထမ်းများက အကျိုးပြုအဏုဇီဝ EM နှင့် IMO တို့ဖြင့် သဘာဝမြေဆွေး ပြုလုပ်နည်းများကို ပြုလုပ်ပြသကြရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်ဇော်မင်းနှင့် တောင်သူများ တက်ရောက်လေ့လာကြသည်။

ပညာပေးဆွေးနွေးရာတွင် မီသိန်းဓာတ်ငွေ့ကဲ့သို့သော ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကြောင့် ကမ္ဘာကြီး ပူနွေးလာမှုကို ကာကွယ်ရန်၊ မြေဆီလွှာ ပျက်စီးမှုများမှ ကာကွယ်ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြေသြဇာအတွက် တောင်သူများ စိုက်ပျိုးစရိတ် ကုန်ကျမှုသက်သာစေရန်၊ ဂေဟပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စားသုံးသူများ ဘေးကင်းလုံခြုံရေးတို့အတွက် အထောက်အကူဖြစ်စေရေး ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**စိန်ကျော်**

# ကိုယ်တွေ့ကလေးဂျာနယ်

တက္ကသိုလ်မောင်သုလှိုင်




ဆောင်းပါးခေါင်းစဉ်ကို 'ကိုယ်တွေ့ကလေးဂျာနယ်' လို့ ဖော်ညွှန်းထားပေမယ့် တကယ်တော့ စာရေးသူ အခြေခံပညာကျောင်းသားဘဝကနေ အလုပ်ခွင်ဝင်တဲ့အထိ ဖတ်ရှုလေ့လာခွင့်၊ ပြီးတော့ ဂျာနယ်ထုတ်ဝေရာမှာ ကိုယ်တိုင်ပါဝင်လုပ်ကိုင်ခွင့် ရခဲ့ပါတယ်။ အဲဒီဂျာနယ်ကတော့ စာပေဗိမာန်က အပတ်စဉ်ထုတ်ဝေလျက်ရှိတဲ့ 'ရွှေသွေးဂျာနယ်' ပဲ ဖြစ်ပါတယ်။ 'ရွှေသွေးဂျာနယ်' ကို ၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ စတင်ထုတ်ဝေခဲ့ပါတယ်။

ယနေ့ကာလ ကလေး၊ လူငယ်အများစုဟာ စာပေလေ့လာတာ အလွန်အားနည်းလာပြီး မိုဘိုင်းဖုန်းကြည့်တာတွေ၊ ဂိမ်းကစားတာတွေ အလွန်များပြားလာတာ တွေ့ရပါတယ်။

စာရေးသူတို့ ငယ်စဉ်က အပတ်စဉ် စနေနေ့တိုင်း ထုတ်ဝေတဲ့ ရွှေသွေးဂျာနယ်ကို ကလေး၊ လူငယ်များကသာမက လူကြီးမိဘတွေပါစောင့်စားဖတ်ရှုလေ့ရှိပါတယ်။ စာရေးသူတို့ မိသားစုဟာ ထိုစဉ်က နေ့စဉ်ထုတ်သတင်းစာသာ မဖတ်ဖြစ်ဘဲနေမယ်၊ စနေနေ့တိုင်း နံနက်ခင်း ရောက်လာမယ့် သတင်းစာပို့သမားကို စောင့်မျှော်ရတာ အမောပါပဲ။ ညီအစ်ကိုမောင်နှမတွေ သူဦးကိုယ်ဦး ဖတ်ရှုလိုတဲ့အတွက် ဖြစ်ပါတယ်။ မိဘတွေကလည်း စာမဖတ်တတ်သေးတဲ့ ကလေးငယ်လေးတွေကို ဖတ်ပြလေ့ရှိပြီး ဂျာနယ်မှာပါဝင်တဲ့ ကာတွန်းဇာတ်လမ်းလေးတွေဟာ တစ်ခါတစ်ရံ ကလေးငယ်တွေအတွက် အိပ်ရာဝင်ပုံပြင်လေးတွေ ဖြစ်ခဲ့ပါတယ်။

### ရွှေသွေးဂျာနယ်

ထိုစဉ်က ရွှေသွေးဂျာနယ်ကို ဖတ်ရှုအားပေးသူများပြားခဲ့တာကြောင့် စောင်ရေဟာ တစ်သိန်းခွဲအထိ အပတ်စဉ်ထုတ်ဝေခဲ့ရပါတယ်။ ထိုစဉ်က အစိုးရထုတ်သတင်းစာစောင်ရေထက်တောင် များပြားခဲ့တာတွေ့ရမှာ ဖြစ်ပါတယ်။ ဂျာနယ်ထုတ်ဝေတဲ့ ရည်ရွယ်ချက်ကလည်း ကလေးဂျာနယ်သာဆိုရပေမယ့် အသက် ၁၀ နှစ်ဝန်းကျင်ကနေ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူတွေအထိ စာပေဗဟုသုတ ပြည့်ဝစေရေးနဲ့ လိမ္မာရေးခြားရှိစေရေး ရည်ရွယ်ပြီး ထုတ်ဝေခဲ့တာမို့ ကလေး၊ လူငယ်တွေနဲ့အတူ မိဘတွေကပါ အားပေးမှုကြီးမားခဲ့တာ ဖြစ်ပါတယ်။

ဒီလိုနဲ့ စာရေးသူအလုပ်ခွင် စဝင်တော့ စာပေဗိမာန်ကို ရောက်ခဲ့ပါတယ်။ ဆိုက်ဆိုက်မြိုက်မြိုက်ပဲ စာရေးသူငယ်စဉ်ကတည်းက တစိုက်မတ်မတ် ဖတ်ရှုခဲ့ရတဲ့ ရွှေသွေးဂျာနယ် အယ်ဒီတာအဖွဲ့မှာ တာဝန်ပေးတာခံခဲ့ရပါတယ်။ စာရေးသူအလုပ်ခွင်ကို စဝင်တာ ၁၉၇၈ ခုနှစ်ဖြစ်တာမို့ အဲဒီအချိန်က မြန်မာတစ်ဘာသာနဲ့ပဲ ဂျာနယ်ကို ထုတ်နေတဲ့ကာလဖြစ်ပါတယ်။

ရွှေသွေးဂျာနယ်ရဲ့ တာဝန်ခံ အယ်ဒီတာက စာရေးဆရာ ဂယက်နီ (စာရေးဆရာလည်းဖြစ်၊ နိုင်ငံရေးသမားကြီးလည်းဖြစ်တဲ့ သခင်တင်မြရဲ့သားအကြီး)ပါ။ ထိုစဉ်က စာရေးသူဟာ ဝတ္ထုတို၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး စတဲ့ စာမူတွေကို လက်ခံစုဆောင်းရတဲ့အပြင် စာမူတွေကို ပဏာမဖတ်ရှုရပြီး တာဝန်ခံအယ်ဒီတာဆီ တင်ပြရတဲ့ တာဝန်ကို ယူရပါတယ်။ ကဗျာကိုတော့ အဲဒီအချိန်က စာပေဗိမာန်ရဲ့ တာဝန်ခံအယ်ဒီတာ (တာဝန်ခံစာတည်း) တစ်ဦးလည်းဖြစ်၊ ကဗျာဆရာကြီးတစ်ဦးလည်းဖြစ်တဲ့ ဆရာ မုံရွာဝင်းဖေထံကို တင်ပြရပါတယ်။ ဆရာဂယက်နီနဲ့ ဆရာ မုံရွာဝင်းဖေတို့ဆီက ရွေးချယ်အတည်ပြု ပြန်ကျလာတဲ့ စာမူတွေ၊ ကဗျာတွေကို စာစီဖို့ စာရေးသူက ပုံနှိပ်တိုက်ကိုပေးပို့ရပါတယ်။ အဲဒီအချိန်က ကွန်ပျူတာစနစ်က မရှိသေးလေတော့ အားလုံး Hand Making လို့ ခေါ်ရမယ့် လက်နဲ့ပဲ စာမျက်နှာတွေအတွက် ပြင်ဆင်ရပါတယ်။

ဒီနေရာမှာ မျက်နှာဖုံးကာတွန်းတွေအတွက် ကာတွန်းဆရာကြီးတွေဆီကို အလှည့်ကျ အပ်ရပါတယ်။ ထိုစဉ်က မျက်နှာဖုံးဆွဲ ကာတွန်းဆရာကြီးတွေကတော့ ဆရာကြီး ဦးဘကြည်၊ ဆရာကြီးဦးအောင်ရှိန်၊ ဆရာကြီး ဦးကျော်ဆန်း (က – ဆ)၊ ဆရာကြီးဦးသန်းကြွယ်၊ ဆရာကြီး ဦးဖေသိန်း၊ ဆရာကြီးဦးစိန်နဲ့ ဆရာကြီးဦးတင်အေးတို့ပဲ ဖြစ်ပါတယ်။

စာရေးသူ ကာတွန်းအပ်နှံဖို့ အများဆုံးသွားရတဲ့ နေအိမ်တွေကတော့ ဆရာကြီး ဦးဘကြည်၊ ဦးအောင်ရှိန်၊ ဦးကျော်ဆန်း (က – ဆ)၊ ဦးဖေသိန်းစသူတို့ရဲ့ နေအိမ်တွေပဲ ဖြစ်ပါတယ်။ တစ်ခါတစ်ရံတော့လည်း အဲဒီကာတွန်းဆရာကြီးတွေဟာ ရုံးကို ရေးဆွဲပြီး ကာတွန်းလိပ်လေးတွေကိုကိုင်ကာ ရောက်လာတတ်ပါတယ်။ အဲဒီအခါ နောက်အပတ်စဉ်တွေအတွက် ရေးဆွဲဖို့ မျက်နှာဖုံးဇာတ်လမ်းတွေကို အပ်လိုက်ပါတယ်။

တစ်ချိန်တည်းမှာပဲ ခုနက ပုံနှိပ်တိုက်ကို စာစီဖို့ ပို့လိုက်တဲ့ စာမူတွေ စာစီပြီး ဂယ်လီပရုအနေနဲ့ ပြန်ရောက်လာတဲ့ ဂယ်လီအကြမ်းတွေကို အမှားအယွင်းကင်းအောင်၊ သတ်ပုံသတ်ညွှန်း မှန်ကန်အောင် စစ်ဆေးပြီးနောက် ပုံနှိပ်စက်ကိုပြန်ပို့ပြီး ပြင်ချက်ကင်းတဲ့ ဂယ်လီအချောကို စောင့်ရပါတယ်။ ဂယ်လီအချောတွေ ရောက်လာပြီဆိုရင်တော့ စာရေးသူတို့ ကတ်ကြေးကိုင်ရပါတော့တယ်။ ဝတ္ထုတို၊ ကဗျာ၊ ပုံပြင်စတဲ့ စာမျက်နှာတွေမှာ ဖြတ်ညှပ်ကပ်ရပါတယ်။ အဲဒီမှာစာရေးသူနဲ့အတူ ကူညီလုပ်ဆောင်ကြသူကတော့ အဲဒီတုန်းက အယ်ဒီတာအဖွဲ့ဝင်တွေလို့လည်းခေါ်နိုင်တဲ့ ဒေါ်မျိုးမျိုးကြည်နဲ့ ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း) တို့ပဲ ဖြစ်ပါတယ်။ အဲဒီနောက် ကာတွန်းစာမျက်နှာတွေ၊ ဝတ္ထုနဲ့ ကဗျာစာမျက်နှာတွေ ပြင်ဆင်ပြီးပြီဆိုရင်တော့ ဂျာနယ်ကို ပုံနှိပ်ဖို့ ပုံနှိပ်တိုက်ကို ပြန်ပို့လိုက်ပါတော့တယ်။ အဲဒီတုန်းက ရွှေသွေးဂျာနယ်ရိုက်နှိပ်တဲ့ ပုံနှိပ်တိုက်က တစ်ချိန်ကသမိုင်းဝင်ဆိုရန်တိုဗီလာ အဆောက်အအုံရှိတဲ့ ဟံသာဝတီအဝိုင်းအနီးက စာပေဗိမာန်ပုံနှိပ်တိုက်ပဲ ဖြစ်ပါတယ်။ ထိုစဉ်က ရွှေသွေးဂျာနယ်ရဲ့ စာမျက်နှာပေါင်းဟာ ၁၂ မျက်နှာသာရှိပြီး ဈေးနှုန်းကလည်း တစ်စောင်ကို ၂၅ ပြား မျှသာ ဖြစ်ပါတယ်။

### မြန်မာ – အင်္ဂလိပ် နှစ်ဘာသာပေါင်းပြီး ထုတ်ဝေ

ဒီလိုနဲ့ နှစ်နှစ်လောက်အကြာ ၁၉၈၀ ပြည့်နှစ် ဩဂုတ်လ ၁၆ ရက်နေ့ကစလို့ ကလေး၊ လူငယ်တွေ၊ ကျောင်းသားကျောင်းသူတွေ အင်္ဂလိပ်စာကို လေ့လာနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွှေသွေးဂျာနယ်ကို မြန်မာ – အင်္ဂလိပ် နှစ်ဘာသာပေါင်းပြီး ထုတ်ဝေခဲ့ပါတယ်။ ဒီတော့ ကာတွန်းဆရာတွေကလည်း ကာတွန်းရေးဆွဲတဲ့အခါ ကာတွန်းအကွက်တိုင်းရဲ့ အောက်ဘက်မှာ အင်္ဂလိပ်စာထည့်ဖို့ နေရာလေးချန်ပြီး ရေးဆွဲလာခဲ့ရပါတယ်။

### ပျော်မွေ့စရာဖြစ်

အဲဒီနောက် ရွှေသွေးဂျာနယ်ထုတ်ဝေရေးမှာ ဘာသာပြန်တဲ့လုပ်ငန်းကို ထပ်ဆောင်းလုပ်ငန်းတစ်ခုအဖြစ် စာရေးသူတို့လုပ်ဆောင်လာခဲ့ရပါတယ်။ အလုပ်ပိုများလာပေမယ့် စာပေရေးရာဝါသနာလည်းပါ အင်္ဂလိပ်စာကိုပိုမိုလေ့လာနိုင်တာမို့ ဒီလုပ်ငန်းဟာ စာရေးသူအတွက် ပျော်မွေ့စရာ ဖြစ်လာပါတယ်။

ဒီနေရာမှာ ကာတွန်းတွေ၊ စာမူတွေကို ဘာသာပြန်နိုင်ဖို့အတွက် ဘာသာပြန်ဆရာကြီးတွေနဲ့ ဆက်သွယ်ဆောင်ရွက်ရပါတယ်။ ရွေးချယ်ထားတဲ့ ကာတွန်းလိပ်ခွေ၊ စာမူတွေကို ဘာသာပြန်ဖို့ ဘာသာပြန်ဆရာကြီးတွေက ရုံးမှလာယူတာရှိသလို စာရေးသူကိုယ်တိုင် အိမ်အရောက် ပို့ဆောင်ပေးရတာလည်း ရှိပါတယ်။ အဲဒီတုန်းက ဘာသာပြန်ဆရာကြီးတွေကတော့ စာရေးဆရာကြီး မြဇင်(ခေါ်)ဆရာဦးဝင်းဖေ၊ ဂါးဒီးယန်းသတင်းစာအယ်ဒီတာဟောင်း ပီ–အောင်ခင်၊ ဦးကိုကို (Motley KoKo)၊ ဦးပေါ်ထင်(ဂျင်မီပေါ်ထင်)၊ မြန်မာ့သတင်းစဉ်(နိုင်ငံခြား)နဲ့ The New Light of Myanmar အငြိမ်းစားအယ်ဒီတာချုပ် ဦးကျော်မင်း (မင်းကျော်မင်း)၊ ဦးအောင်ချမ်းသာ (C.T Aung) စသူတို့ပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ဘာသာပြန်ဖို့ ကာတွန်းနဲ့စာမူတွေကို စာရေးသူ သွားရောက်ပို့ဆောင် ပေးရတာကတော့ ရန်ကုန်မြို့ အလုံလမ်း ပြည်ထောင်စုရိပ်သာမှာနေတဲ့ ဆရာဦးမြဇင်ထံဖြစ်ပြီး ကျန်ဆရာကြီးတွေကတော့ ရုံးကိုမကြာမကြာ ရောက်လာတတ်ပါတယ်။

အဲဒီလိုဘာသာပြန်ပြီး ရရှိလာတဲ့အင်္ဂလိပ်စာမူတွေကိုတော့ ပုံနှိပ်တိုက်ကိုစာစီဖို့ပို့ရပါတယ်။ စာစီပြီးပြန်ရောက်လာတဲ့ ဂယ်လီအချောတွေကို ဝတ္ထုဆိုရင်လည်း ကော်လံအလိုက်ဖြတ်တောက်ပြီး မျက်နှာဖွဲ့စာမျက်နှာပုံစံ (Dummy Page)ပေါ်မှာ မျက်နှာဖွဲ့ပုံစံချကပ်ယူရပါတယ်။ အလားတူပဲ ကာတွန်းစာမျက်နှာပေါ်က အကွက်လေးတွေရဲ့ အောက်မှာလည်း ကာတွန်းစကားပြော (Dialogue) နဲ့ ကိုက်ညီတဲ့ အင်္ဂလိပ်ဝါကျတွေကိုကပ်ရပါတယ်။ အဲဒီနောက် အားလုံးစာမျက်နှာ အထိုင်ချပြီးပြီဆိုရင်တော့ ပုံနှိပ်တိုက်ကိုပို့ပြီး ပုံနှိပ်ဖို့ပြင်ဆင်ရပါတယ်။

အဲဒီကာလက ကွန်ပျူတာလည်းမပေါ်သေးသလို Image Sector, CTP လည်း မပေါ်သေးတာမို့ စာစီတာကို ခဲစာလုံးနဲ့ စီရပြီး လေးရောင်ဖလင်ရိုက်ဖို့လည်း ကာလာခွဲတဲ့လုပ်ငန်း၊ ဖိုတိုလစ်သိုလုပ်ငန်းတွေ လုပ်ရပါတယ်။ အဲဒီမှာ စာစီ၊ စာဖောင်ဖွဲ့ဆရာတွေ၊ ဖိုတိုလစ်သိုက ဝန်ထမ်းတွေ အလုပ်ပေါ်မှာ အလွန်အာရုံစူးစိုက်ရပြီး အမှားအယွင်းမရှိဖို့လည်း အထူးသတိထားရပါတယ်။ ပြောရရင် အဲဒီအချိန်က အစိုးရသတင်းစာတွေတောင် လေးရောင်ကာလာစုံနဲ့ မထုတ်နိုင်သေးတဲ့အချိန် ရွှေသွေးဂျာနယ်စာမျက်နှာအားလုံးကို ရောင်စုံနဲ့ ထုတ်နိုင်ခဲ့တာဟာ ထိုစဉ်က ပါဝင်လုပ်ကိုင်သူတွေရဲ့ ကြိုးပမ်းမှုကို ချီးကျူးစရာ၊ ဂုဏ်ပြုစရာဖြစ်ပါတယ်။

အဲဒီနောက် ၂၀၀၉ခုနှစ်ကစပြီး မူလစာမျက်နှာ ၁၂ မျက်နှာကနေ ၁၆ မျက်နှာသို့ တိုးမြှင့်ခဲ့ပြီး မျက်နှာဖုံးလေးမျက်နှာကို စက္ကူဖြူချောနဲ့ထုတ်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဇွန်လ ၁၅ ရက်ကစလို့ ရွှေသွေးဂျာနယ်တစ်စောင်လုံးကို စက္ကူဖြူချောနဲ့ ပြောင်းလဲထုတ်ဝေခဲ့တယ်လို့ သိရပါတယ်။

### တစ်ချိန်က ပွဲကိုင်ရှင်တွေ

စာရေးသူဟာ ၁၉၈၇ ခုနှစ်ကနေ ၁၉၈၇ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၈ ခုနှစ်မှာ အစိုးရ သတင်းစာများထုတ်ဝေရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသို့ ပြောင်းရွှေ့ခဲ့ပါတယ်။စာပေဗိမာန်မှာ တာဝန်ထမ်းဆောင်ခဲ့စဉ် ပထမပိုင်းမှာ တာဝန်ခံအယ်ဒီတာ ဆရာဂယက်နီ၊ ဆရာမုံရွာဝင်းဖေတို့နဲ့ တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ရပြီး ဆရာဂယက်နီ အလုပ်က အနားယူသွားတော့ တာဝန်ခံအယ်ဒီတာအဖြစ် ဆရာဦးစံလွင်က တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဆရာ ဦးစံလွင်ဟာ အရပ်ခြောက်ပေခန့်ရှည်ပြီး အလွန်သဘောကောင်းသူ ဖြစ်ပါတယ်။ ဆရာဦးစံလွင်၊ ဆရာဂယက်နီနဲ့ ဆရာ ဦးဝင်းဖေ( မုံရွာဝင်းဖေ)တို့ဟာ စာရေးသူရဲ့ စာပေရေးရာ လက်ဦးဆရာတွေဖြစ်ပြီး ရွှေသွေးဂျာနယ်ရဲ့ တစ်ချိန်က ပွဲကိုင်ရှင်တွေဖြစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ တာဝန်ခံစာတည်းအဖြစ် ဦးမောင်လှိုင်က တာဝန်ယူခဲ့ပါတယ်။

စာရေးသူလေ့လာမိသလောက် မူလက ရွှေသွေးဂျာနယ်စောင်ရေ တစ်သိန်းကျော် ထုတ်လာရာကနေ နောက်ပိုင်းမှာ စက္ကူကုန်ကြမ်း အခက်အခဲကြောင့် စောင်ရေ ၂၀၀၀၀ကျော်အထိ လျှော့ချခဲ့ရပြီး တစ်စောင်ဈေးနှုန်းဟာလည်း မူလက တစ်စောင် ၂၅ ပြားကနေ ကျပ် ၂၅၀အထိ တိုးမြှင့်ခဲ့ရတယ်လို့ သိရပါတယ်။

တကယ်တော့ စာရေးသူကိုယ်တိုင် ကိုယ်တွေ့ထိတွေ့လုပ်ကိုင်ခဲ့ဖူးတဲ့ ကလေးဂျာနယ် တစ်စောင်ဖြစ်တဲ့ ရွှေသွေးဂျာနယ်ဟာ ကလေး၊ လူငယ်တွေအတွက် အသိပညာကြွယ်ဝမှု၊ လိမ္မာရေးခြားရှိမှုကို အထောက်အကူပြုရုံသာမက အင်္ဂလိပ်စာကို လေ့လာလိုက်စားသူတွေအတွက်ပါ ဘာသာပြန်ဆရာကြီးတွေရဲ့ ဘာသာပြန်ဆိုချက်တွေကို လေ့လာမှတ်သား လေ့ကျင့်နိုင်ကြတာ ဖြစ်ပါတယ်။

အထူးသဖြင့် ဒီနေ့ဒီအချိန်မှာ ကလေး၊လူငယ်အများစုရဲ့ လက်ဝယ်မှာ ကြီးစိုးနေရာယူနေတာဟာ မိုဘိုင်းဖုန်းတွေ၊ ဂိမ်းတွေဖြစ်ပါတယ်။ စာရေးသူတို့ငယ်စဉ်က အသိအမြင်၊ အလိမ္မာတွေအတွက် အထောက်အကူပြုခဲ့တဲ့ ရွှေသွေးဂျာနယ်အပါအဝင် ကလေးဂျာနယ်၊ စာစောင်တွေဟာ အဝေးတစ်နေရာကို ရောက်နေကြပါပြီ။

အချုပ်ဆိုရရင် ကလေး၊ လူငယ်တွေရဲ့လက်ဝယ်မှာ၊ ကလေးမိဘတွေရဲ့လက်ဝယ်မှာ ရွှေသွေးဂျာနယ်အပါအဝင် ကလေးစာပေတွေ ပြန်လည်နေရာယူဖို့ကြိုးစားရမယ့်အချိန် ရောက်နေပါပြီ။ အထူးသဖြင့် စာရေးသူတို့ငယ်စဉ်က တစိုက်မတ်မတ် လေ့လာဖတ်ရှုခဲ့ရတဲ့ ရွှေသွေးဂျာနယ်လို စာစောင်မျိုးတွေကို ကလေးငယ်တွေနဲ့ မိဘတွေ၊ သတင်းစာပို့သမားလာတိုင်း စောင့်မျှော်ဖတ်ရှုရတဲ့ အချိန်မျိုးကို ပြန်လည်ရောက်စေချင်ပြီဆိုတဲ့ အကြောင်း စာရေးသူရဲ့ ကိုယ်တွေ့ကြုံရတဲ့ ကလေးဂျာနယ်တစ်စောင်အကြောင်းကို အခြေခံလို့ ရေးသားလိုက်ရပါတယ်။ ။

Ref; www.moi.gov.mm

**စာရေးသူကိုယ်တိုင် ကိုယ်တွေ့ထိတွေ့လုပ်ကိုင်ခဲ့ဖူးတဲ့ ကလေးဂျာနယ် တစ်စောင်ဖြစ်တဲ့ ရွှေသွေးဂျာနယ်ဟာ ကလေး၊ လူငယ်တွေအတွက် အသိပညာကြွယ်ဝမှု၊ လိမ္မာရေးခြားရှိမှုကို အထောက်အကူပြုရုံသာမက အင်္ဂလိပ်စာကို လေ့လာလိုက်စားသူတွေအတွက်ပါ ဘာသာပြန်ဆရာကြီးတွေရဲ့ ဘာသာပြန်ဆိုချက်တွေကို လေ့လာမှတ်သားလေ့ကျင့်နိုင်ကြတာဖြစ်။**



ဦးဘကြည်


ဦးဖေသိန်း


ဦးကျော်ဆန်း


ဦးသန်းကြွယ်


ဦးစိန်


ဦးအောင်ရှိန်




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း။
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် နတ်စင်ကုန်း အထကတွင် ပညာသင်ကြားနေသော မောင်လင်းထက်နိုင်၏ ဖခင်အမည်မှာ ဦးဇော်မိုး(ခ)ဦးဇော်မိုးနိုင် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်မိုး(ခ) ဦးဇော်မိုးနိုင်(ကြာကန်ကျေးရွာ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်၊ မြေရေိယာ (၀.၀၅၅)ဧက၊ မြေကွက်အမှတ်(ပ-၄၀၅၇)၊ ဦးပေါက်စ(ခ)ဦးအုန်းမြင့် အဖအမည် ဦးခွေး[၁၄/ဖပန(နိုင်)၀၅၈၂၈၀]၊ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးထွန်းအောင်လှ၊ အဖအမည် ဦးသိန်းလွင်[၁၂/မရက(နိုင်)၀၆၁၁၃၀]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာ ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

သစ်
တော
မှန်
လျှင်
အသုံး
ဝင်
အစဉ်
ထာ
ဝ
ရ
ထိန်း
သိမ်း
ကြ

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာနွယ် [၁၂/မဂဒ(နိုင်)၁၀၂၁၇၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာနွယ်သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စွယ်တော်လမ်း၊ အမှတ်(၅/၈/၂၄၃-က) ဧရိယာ (၂၀x၆၀) ပေအား ကာလပေါက်ဈေးဖြင့်ဝယ်ယူရန် ရောင်းချသူဖြစ်သည့် ဒေါ်နော်အယ်ဖော [ ၁၂/မရက(နိုင်)၀၂၇၇၄၈]ထံ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် လက်ထိလက်ရောက်ရယူရန် ကျန်ငွေများအား ပေးချေတော့မည်ဖြစ်၍ ယခုဝယ်ယူမည့် မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သူသူအောင် (LL.B)** | **ဦးယဉ်အောင် (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၉၈၃၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၅)** |

**၀၉-၂၆၂၉၀၉၅၈၁၊ ၀၉ ၄၂၁၀၄၃၂၅၁**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(၂၉)၊ (၂)ခန်းတွဲ RC (၇)ထပ် အဆောက်အဦ၏ တိုက် (အေ)၊ အခန်း(၃)၊ (ဒုတိယထပ်)၊ တိုက်ကိုမျက်နှာမူလျှင် (ညာဘက်အခန်း)၊ ဧရိယာ (၁၃၆၃) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဝေဝေမြင့် [၁၂/ရကန(နိုင်)၀၂၇၀၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဝင်းသူဇာ [၉/သစန(နိုင်) ၁၈၂၀၈၈]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းသူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**Ph-09 421157856, 09-798458627**
**Level (5,6,7,8) Tower(2) HAGL Myanmar Center Towen**
**အမှတ် (၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ်(၅၅၇)၊ တစ်ခန်းတည်း RC(၆)ထပ်တိုက်မှ တတိယထပ်(၄-လွှာ)၊ ဧရိယာ(၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်တင်စိုး[၁၂/ဥကတ(နိုင်)၀၆၃၁၆၂]၊ ဒေါ်မြင့်မြင့်အေး [၁၂/ဥကတ(နိုင်)၀၆၃၀၅၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစောရန်နိုင်[၁၂/ဥကတ(နိုင်)၁၇၈၂၆၈]၊ ဒေါ်မိုးသူဇာလွင်[၁၂/လသယ(နိုင်)၀၆၈၀၇၁]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစောရန်နိုင်နှင့်ဒေါ်မိုးသူဇာလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး**
**LL.B,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph:09-450023651,09-793568375**
**Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဦးအေးဝင်း[၁၂/ပဇတ(နိုင်)၀၂၈၉၁၈]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဝင်း[၁၂/ပဇတ(နိုင်)၀၃၃၈၆၉]၊ အမှတ်(၁၅)၊ (၃)လွှာ၊ (၅၃)လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေသူ၏ ညွှန်ကြားချက်အရကြေညာပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံကားဝင်းမေတ္တာညွန့်၊ စံပယ်ဆောင်(၃) ဆိုင်ခန်းအမှတ် (၉/၁၀)၊ ဆိုင်ခန်း(၂)ခန်းတို့မှာ ကျွန်မ၏ခင်ပွန်းဦးမောင်အေး[၁၂/ပဇတ(နိုင်)၀၂၈၉၁၇]က တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး (၁၄-၃-၂၀၁၁)ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အပြီးအပိုင်ဝယ်ယူပြီး ဖြစ်ကြောင်း ဆိုင်ခန်းကို အမည်ပြောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ကန့်ကွက်သူ မရှိ၍ သက်ဆိုင်ရာစည်ပင်က အမည်ပြောင်းလဲခွင့်ပြုကြောင်း၊ အခွန်များကိုလည်း ပေးဆောင်ပြီးဖြစ်ကြောင်း အထောက်အထားနှင့်တကွ တစ်ဦးတည်းတရားဝင်ဇနီးဖြစ်သူ ဒေါ်စန္ဒာဝင်းက ဆက်ခံပိုင်ဆိုင် လက်ရှိထား အသုံးပြုနေသော ဆိုင်ခန်းများဖြစ်ပါသည်။ အထက်ပါဆိုင်ခန်း(၂) ခန်းကို မည်သူကမျှ ပိုင်ဆိုင်မှုအရေးဆိုခြင်း၊ မမှန်မကန်သော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းများမပြုရန် သတိပေးပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဝင်း၏ ဆက်ခံပိုင်ဆိုင်မှုကို ထိပါးနှောင့်ယှက်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေအရ ဆောင်ရွက်သွားမည်ဟု ဦးအေးဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီလင်းဖေ (စဉ်-၃၅၃၂၆) အထက်တန်းရှေ့နေ**
**အမှတ်(၂၂၅)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၈၅၀၈၅၈၅၈**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၆၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ် အခန်းအမှတ်(၅ခ)၊ (တိုက်မျက်နှာမူညာဘက်အခန်း)

## တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးသီဟဗိုလ်[၁၂/ကတတ(နိုင်)၀၂၆၈၂၀]နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သက်ရည်ဖြိုး[၁၂/တမန(နိုင်)၁၀၁၈၂၇]တို့ လင်မယားနှစ်ဦးဝယ်ယူထားသော (လက်ထပ်ပွားပစ္စည်း) တိုက်ခန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစိုးသီဟဗိုလ်မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်ပြီး ဝယ်ယူသူဖြစ်စေ၊ ပေးကမ်းခြင်းကို လက်ခံသူဖြစ်စေ၊ ပေါင်နှံခြင်းကိုလက်ခံသူဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းကို လက်ခံသူဖြစ်စေ စသည်ဖြင့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် လက်ခံဆောင်ရွက်ခြင်းရှိပါက မိမိတို့တာဝန်သာဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၄၆/၂၀၁၆)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒု-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၉၇၆၃၅**

# အထူးကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ဒေါ်ဥမ္မာစိုးအောင် နာမကျန်းဖြစ်နေစဉ်ကာလအတွင်း စေတနာ၊ မေတ္တာအပြည့်ဖြင့် စောင့်ရှောက်ကုသပေးခဲ့သော စင်ကာပူနိုင်ငံ Mt Elizbeth Novena Specialist Centre မှ Dr. Patricia Kho, Senior Consultant, Medical Oncology၊ ရန်ကုန်မြို့ ဝိတိုရိယဆေးရုံမှ အုပ်ချုပ်ရေးအဖွဲ့၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ သမားတော်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ရီရီနိုင်၊ ဒေါက်တာတေဇာချမ်းမင်း၊ ဈာပနဆိုင်ရာဝတ်ပြုဆုတောင်းအစီအစဉ်များ ဦးဆောင်စီစဉ်ပေးခဲ့သည့် ဦးနေအောင်းမေ့ဘွယ် နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာ ဦးတိုးတိုးနှင့် အသင်းတော်မှ တာဝန်ရှိသူများ၊ ကောဒသမတေဇဂုဏ်ရည် ဓမ္မာရုံ၌ ရက်လည်ဆွမ်းသွတ် အစီအစဉ်ကို စီစဉ်ဆောင်ရွက်ပေးကြသော တေဇ (၁၁)မှ သူငယ်ချင်းများ၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်း၍ မေတ္တာပြခဲ့ကြသူများ၊ တယ်လီဖုန်း၊ အွန်လိုင်းတို့မှ ဝမ်းနည်းကြောင်းနှင့် အားပေးစကားပြောကြားပေးခဲ့ကြသူ မိတ်ဆွေများ၊ ဈာပနသို့ တက်ရောက်ပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဈာပနအစီအစဉ်တွင် ကူညီဆောင်ရွက်ပေးကြသူများ၊ အဘက်ဘက်မှ ကူညီပေးကြသည့်ရင်းနှီးမြုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို ကျန်ရစ်သူမိသားစုက ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်တရားရုံးတော်၌**
**၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၉**

| | | |
|---|---|---|
| **ဒေါ်ခင်မြနု (တရားလို)** | **နှင့်** | **ဒေါ်ထွေးထွေး (တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ရာဇမိရာဇ်လမ်း၊ အမှတ်(၁၀)နေ ဒေါ်ထွေးထွေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "**ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု**" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက် (၁၃၈၂ခုနှစ်၊ ပြာသိုလကွယ်နေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဝဏ္ဏ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နန္တိကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၃၈)၊ ကွင်းအမည် (ဖုံဆွဲကွင်း) ဦးပိုင်အမှတ် (N/၁၀၁၊ N/၁၀၈)ဟုခေါ်တွင်သော ဦးသောင်းလှိုင် အမည်ပေါက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၁၅မိုင် ၃ဖာလုံ လက်ယာဘက်အခြမ်း လမ်းမကြီးဘေး(မေးတင်) G မြေအမျိုးအစား ဧရိယာ (၁.၄၄)ဧကရှိ ခြံမြေကွက်အား စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိပါသည်ဟု မြွက်ဟဝန်ခံ၍ ရောင်းချသူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ နဝဒေးလမ်း၊ တိုးချဲ့ရပ်ကွက်၊ အမှတ်- (၁၃/၈/၁၂၀၆)တွင် နေထိုင်သူ ဦးစိုးနိုင်[၁၂/ဥကတ(နိုင်)၀၁၀၂၄၁] (ဘ) ဦးကျင်ထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ခြံမြေကွက်အရောင်းအဝယ်အား ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**တွံတေး ဦးသိန်းဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၅၈)**
**အမှတ်-၁၃၂၊ ပထပ်၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၄၀၆၅၈၉၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ကွင်းအမှတ်(၅၂၈-က)၊ နွယ်ခွေအနောက်တော၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀၂၅)တွင် (၀.၀၄၆)ဧကရှိ အမှတ်(၃၃)၊ ရွာလယ်(မြရတု)လမ်း၊ ရွာမရပ်ကွက်၊ ပေ(၂၃x၈၅)မြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ (မြို့/မြေ)ဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးမြင့်[၁၂/မဂဒ(နိုင်)၀၃၇၀၃၅]ထံမှ ဦးရာလင်းကျော်[၁၀/ရမန(နိုင်)၁၂၂၆၈၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၄၃၇၁**
**အမှတ်(၆၄)၊ (၃)လွှာ၊ (၈၈)လမ်း၊ ကန်တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၆၀၁၈၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ (ဘားလားကျေးရွာသစ်)၊ ကွင်းအမှတ်- (၄၉၅-အေ)၊ မြေကွက်အမှတ်-၁၈၇ နှင့် ၁၈၉၊ တစ်ကွက်လျှင် (၁၀၀x၁၂၀) ပေခန့်ရှိ ပါမစ်မြေကွက်နှစ်ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်များဖြစ်သော ဦးတင်စိုးနှင့် ဦးကြည်တို့ထံမှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးနိုင်ဝင်းအောင် [၁၂/ဥကမ(နိုင်)၁၈၃၇၅၀] (ဘ) ဦးဝင်းကြည်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်များ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၁၃)**
**အမှတ်-၂၄၆၊ ၅ လမ်း၊ ၁/က ရပ်ကွက်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၀၅၂၁၄၇၇**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်သက်ရီနှင့် မောင်နှမ(၆)ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (၁)ဒေါ်သက်ရီ[၁၂/ရပသ(နိုင်)၀၁၃၀၅၄]၊ (၂)ဦးဇော်နိုင်[၁၂/ရပသ(နိုင်)၀၁၂၅၅၄]၊ (၃)ဦးအောင်ခိုင် [၁၂/ရပသ(နိုင်)၀၁၁၆၀၄]၊ (၄)ဒေါ်လဲ့ရည်မွန်[၁၂/ရပသ(နိုင်)၀၄၀၅၅၂]၊ (၅)ဦးသန်းလှိုင်[၁၂/ရပသ(နိုင်)၀၁၁၅၅၄]၊ (၆)ဦးကျော်ကျော်ဆန်း[၁၂/ရပသ(နိုင်)၀၁၁၁၀၀]နှင့် (၇)ဦးကျော်ဇင်ထွန်း[၁၂/ရပသ(နိုင်)၀၀၈၂၆၈]တို့မှ ဒေါ်နေနွယ်အောင်[၉/မကန(နိုင်)၀၇၅၄၃၁] အမှတ်(၁၀၇) အခန်း(၆) ကျောက်စိမ်းလမ်း၊ စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် နေသူအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၄-၉-၂၀၁၄ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၂၆၂၆၇/ ၂၀၁၄)ကိုလည်းကောင်း၊ ၂၄-၁၀-၂၀၁၄ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၇၃၆/ ၂၀၁၄) ကိုလည်းကောင်း၊ ၁၆-၁၂-၂၀၁၄ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၆၇၃/၂၀၁၄)ကိုလည်းကောင်း လွှဲအပ်ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် ယခုအခါအလုပ်ကိစ္စဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့ပါသဖြင့် ဒေါ်နေနွယ်အောင်အား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာများအား ၁-၂-၂၀၂၂ ရက်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာမာ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၄၈၆)**
**B.Econ, H.G.P, D.B.L, P.G.D.L, D.L.101, WIPO(Geneva)**
**ဖုန်း-၀၉-၄၄၃၀၃၅၆၅၈၊ ၀၉-၇၆၆၁၇၉၃၉၇**

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## ဗိုလ်မှူးကြီး စိုးဝင်းမြင့်(ငြိမ်း)

**ရဲမှူးချုပ်-ငြိမ်း**

**ကြည်း-၁၂၈၁၃၊ OTS-၄၇**

**B.Sc(Zoology)**

### အသက် (၇၂) နှစ်

စစ်ကိုင်းတိုင်းဒေသကြီးနေ (ဦးပေါရှန်-ဒေါ်ဒေါ်ထွေး)တို့၏မြေး၊ (ဦးအုန်းကျော်-ဒေါ်ခင်သန်းသန်း)တို့၏ သားလတ်၊ ပျဉ်းမနားမြို့နေ (ဦးနိုး-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဦးကျော်ဟန်မြင့်-ဒေါ်လေးလေးမြင့်တို့၏ ညီ/မောင်၊ ဦးစိုးအောင်နိုင်-ဒေါ်ဝင်းဝင်းသိန်းတို့၏ အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)၊ အမှတ်(၁၀)နေ ဒေါ်မြမြဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးညာဏ်လင်းစိုး(ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခိုင်ကြည်ဦး၊ ဦးအောင်မင်းခန့်(ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ယုဇနကျော်၊ဗိုလ်ကြီးဇင်နိုင်စိုး-ဒေါ်ဖြူစံပယ်သင်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်သန့်ထူးညာဏ်၊ မောင်တည်ခန့်အောင်တို့၏အဘိုးသည် ၃-၂-၂၀၂၁ ရက် ၄:၁၅ နာရီတွင်အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၁ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီး စိုးဝင်းမြင့်(ငြိမ်း)

**ရဲမှူးချုပ်-ငြိမ်း**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၇)**

### အသက် (၇၂) နှစ်

စစ်ကိုင်းတိုင်းဒေသကြီးနေ (ဦးအုန်းကျော်-ဒေါ်ခင်သန်းသန်း)တို့၏သားလတ်၊ ပျဉ်းမနားမြို့နေ (ဦးနိုး-ဒေါ်တင်ညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာနေ ဒေါ်မြမြဝင်း၏ ခင်ပွန်း၊ ဦးညာဏ်လင်းစိုး-ဒေါ်ခိုင်ကြည်ဦး၊ ဦးအောင်မင်းခန့်-ဒေါ်ယုဇနကျော်၊ ဗိုလ်ကြီးဇင်နိုင်စိုး-ဒေါ်ဖြူစံပယ်သင်းတို့၏ဖခင်၊ မောင်သန့်ထူးညာဏ်၊ မောင်တည်ခန့်အောင်တို့၏အဘိုး ဗိုလ်မှူးကြီးစိုးဝင်းမြင့်(ငြိမ်း)သည် ၃-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၁၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။ (၅-၂-၂၀၂၁ ရက်တွင် မင်္ဂလာဒုံမြို့နယ် စစ်သင်္ချိုင်း၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ )

**ဗိုလ်လောင်းသင်တန်းအပတ်စဉ် (၄၇)**
**သူငယ်ချင်းများ**

---

## အနိစ္စ

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီး စိုးဝင်းမြင့်(ငြိမ်း)

**B.Sc (Zoology)**

**OTS အပတ်စဉ် (၄၇)**

### အသက် (၇၂) နှစ်

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းခန့်၏ ဖခင်ဖြစ်သူသည် ၃-၂-၂၀၂၁ ရက် နံနက် ၄:၁၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**SSE ဌာနခွဲ**

---




---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်သန်းစိန်

### အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၀၅)နေ (ဦးတင်စိန်-ဒေါ်အေးလှ)တို့၏ သမီး၊ (ဦးဝင်း)၏ ဇနီး၊ ဦးကျော်လှိုင်-ဒေါ်ကြည်ဝင်းတို့၏ အစ်မ၊ ဦးသောင်း-ဒေါ်စိုးစိုးဝင်း၊ ဦးခိုင်ဝင်း၊ ဦးမျိုးဝင်း-ဒေါ်ဖြူဝင်းကြည်တို့၏ မိခင်၊ မဥမ္မာကျော်၊ မဝေမာကျော်တို့၏ ကြီးတော်၊ ကိုအောင်ပြည့်ဖြိုး-မဇင်ဇင်သော်၊ ကိုအောင်မျိုးဝင်း၊ မသန္တာမျိုးဝင်း၊ မောင်ဟိန်းဇင်သောင်း၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်သန်းစိန်သည် ၃-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှရွှေ

**စီမံဌာနမှူး-ငြိမ်း၊ မြစ်ကြီးနားပညာရေးကောလိပ်**

### အသက် (၈၃) နှစ်

ဗန်းမော်မြို့၊ ညောင်ပင်ရပ်တောင်ပိုင်းနေ (ဦးမောင်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးရှိန်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဒေါ်မီမီရွှေ(ထ/၈)-ဦးသန်းစိုး၊ ဒေါ်စန္ဒာရွှေ(လေ့ကျင့်ရေးကျောင်း)-ဦးစိုးနိုင်ဦး၊ (ဦးမင်းနိုင်ရွှေ)တို့၏ဖခင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ အမှတ်(၁၉၆)နေ ဒေါ်ခင်မြင့်(လ/ထ-ငြိမ်း၊ ကထိက၊ မြစ်ကြီးနားပညာရေးကောလိပ်)၏ခင်ပွန်း၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၂-၂၀၂၁ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့၊ ရာဒါကောင်း(ဘီ)သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၂၁ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ မြစ်ကြီးနားမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကမ္ဘာမြေချစ်သူဆုရ**

## ဦးအောင်ဆန်း (ခ) ဦးမြင့်လွင်

### အသက် (၈၀)

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကမ္ဘမြို့နေ (ဦးဘလှိုင်-ဒေါ်ကျံ)တို့၏သားကြီး၊ ဒေါ်ညို၊ ဗိုလ်ကြီးခင်မောင်ညို(ငြိမ်း)၊ (ဦးခင်မောင်ဌေး)တို့၏ အစ်ကို၊ ဦးဖုန်းကျော်၊ ဦးမော်ဆန်း၊ ဦးကိုကိုဇော်၊ ဒေါ်မိုးမြင့်ဆန်း၊ ဒေါ်တိုးမြင့်ဆန်း၊ ဒေါ်နှင်းသီတာဆန်းတို့၏ ဖခင်၊ မြေး ၁၁ ယောက်တို့၏ ချစ်လှစွာသောအဘိုး ကမ္ဘာမြေချစ်သူဆုရ ဦးအောင်ဆန်းသည် ၂-၂-၂၀၂၁ (အင်္ဂါနေ့) ည ၁၁:၅၃ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ဈာပနအစီအစဉ်ကို ၄-၂-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ဦးအောင်ဆန်း၏သစ်တောအတွင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းသန်းညွန့် (Sally)

**ပါတီသုတေသနဌာန၊ ကျောင်းအုပ်ဆရာမကြီး-ငြိမ်း**

### အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အမှတ်(၄၈/A-2)နေ (ဦးကြည်ညွန့်-ဒေါ်ခင်ရီ)တို့၏ သမီးကြီး၊ (ဦးတင်မြင့်-ဒေါ်ခင်တုတ်)တို့၏ သမီးချွေးမ၊ ဦးဌေးဝင်း၏ ဇနီး၊ ဦးကျော်ဇင်ဝင်း(ခ)မင်းမင်း-ဒေါ်သဥ္ဇာမြင့်တို့၏ မွေးသမိခင်၊ ဦးစန်းထွေးအုန်း-ဒေါ်ဌေးဌေးရီ၊ (ဦးအေးထွန်း)-ဒေါ်နွယ်နီ၊ ဦးဇော်ဝင်း-ဒေါ်ဆာရီဒွန်း၊ (ဦးတင်မောင်ဝင်း)-ဒေါ်တင်တင်နွယ်၊ ဦးဇာနည်ဦး-ဒေါ်ဥမ္မာတို့၏ အစ်မကြီး၊ တူ/တူမ ၁၇ ယောက်တို့၏ ကြီးကြီး၊ ပြည့်ဝန်းဝတီ(ခ) ခေတ်ခေတ်၏ ချစ်လှစွာသောအဘွား ဒေါ်သန်းသန်းညွန့်သည် ၂-၂-၂၀၂၁ (အင်္ဂါနေ့) ည ၉ နာရီတွင် အမှတ်(၁၁၉၇)၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ မုခ်ဦး ဒါယကာကြီး**

## ဦးကျော်သိန်းဇံ

**Managing Director, K.T.Z Company Ltd**

### အသက် (၆၈)နှစ်

ရင်းနှီးခင်မင်ရပါသော မိတ်ဆွေကြီးဖြစ်ပြီး ဘာသာရေးနှင့်လူမှုရေးတွင် အထူးသဒ္ဓါတရား ဖြူစင်ထက်သန်လှသော ဦးကျော်သိန်းဇံ MD, K.T.Z Co., Ltd အသက် (၆၈)နှစ်သည် ၂၈-၁-၂၀၂၁ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးဘမော်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ခင်ပြုံး**
**မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ ရန်ကုန်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးအောင်သူ (ငြိမ်း)

**OTS အပတ်စဉ် (၁၀၄)**

**ဝင်းဂုဏ်ရောင်ဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်**

### အသက် (၅၁) နှစ်

ဦးမြတ်သူ (ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန)-ဒေါ်ခင်ယုံတို့၏ညီဖြစ်သူ ဗိုလ်ကြီးအောင်သူ(ငြိမ်း)သည် ၃၁-၁-၂၀၂၁ ရက် ၉:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ**
**ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမင်းနိုင်

**တပ်ကြပ်ကြီး-လေ၊ ငြိမ်း**

**ဆုတောင်းပြည့်မယ်လမုစေတီတော်နာယက**

### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ် (၁၁၅)နေ (ဦးဘစံ-ဒေါ်ငွေဆိုင်)တို့၏သား၊ (ဒေါ်စန်းမြင့်)၏ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်မင်း၊ ပါမောက္ခ ဒေါက်တာချိုချိုမင်း(ပါမောက္ခ/ဌာနမှူး၊ ဆေးဝါးဘက်ဆိုင်ရာ ဓာတုဗေဒဌာန၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေး)၊ ဒေါ်သီတာမင်း(ခေတ္တ-စင်ကာပူ)၊ (ဗိုလ်အောင်ထွန်းမင်း)၊ (မောင်အောင်သန်းမင်း)တို့၏ဖခင်သည် ၂-၂-၂၀၂၁ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၁ (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်ရီ (ခ) ကွာစန်ရင်း

### အသက် (၇၄) နှစ်

ရန်ကုန်မြို့နေ (ဦးချစ်ဆွေ-ဒေါ်သန်းရီ)တို့၏ သမီးကြီး၊ လက်ပံတန်းမြို့နေ (ဦးကြူဝမ်-ဒေါ်ဖွားရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၁၈)နေ (ဦးတင်ရှိန်)၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းထွန်းလင်း-ဒေါ်စုလှဲ့၊ ဦးမျိုးအောင်-ဒေါ်ဇွန်ဝေဝေနိုင်(Doreen)၊ ဒေါ်သန္တာရှိန်(CPW Co.,Ltd)တို့၏ချစ်လှစွာသောမိခင်၊ မအေးငြိမ်းကြည်၊ မမြတ်သာဇာ၊ Jaiden Wu ၊ Ryan Wu တို့၏ အဘွား ဒေါ်တင်တင်ရီသည် ၁၉-၁-၂၀၂၁ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ဝေဘာဂီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရှယ်လီသိန်းမောင်(စိန့်မိုက်ကယ်)(ခ)ဒေါ်စောစောညွန့်

### အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၇၅)နေ (အကယ်ဒမီ ဦးသိန်းမောင်ကြီး-ဒေါ်ကြည်ကြည်လေး)တို့၏သမီးကြီး၊ ဦးရွှေအေး(ဥယျာဉ်ဝဏ္ဏသာရ)၏ဇနီး၊ (ဦးထွန်းထွန်း)၊ ဒေါ်စုစုဝင်း၊ (ဦးအောင်နိုင်ဦး)၊ ဦးသင်းဆွေ၊ ဒေါ်ခင်မိမိချိုတို့၏ ချစ်လှစွာသောအစ်မကြီး၊ ဦးတင်မိုးလွင်-ဒေါ်အေးအေးမွန် (Myanmar information Technology Pte.,Ltd)၊ (ဦးသန်းထိုက်)၊ ဦးဝဏ္ဏအေးလင်း(Cosco Shipping Myanmar LTD)-ဒေါ်ဝင်းဝင်းသိန်း(ထပြ/ငြိမ်း)၊ ဒေါ်မြတ်ဆုမွန်(S.T.L Co.,Ltd)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကောင်းဆင့်သာ၊ မထက်အိမ်စည်၊ မဆုရတီထွန်းတို့၏ဘွားဘွားကြီးသည် ၃-၂-၂၀၂၁ရက် နံနက် ၉နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၁ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မြတ်

**B.Sc (Botany)**

**Headmaster of STAR KIDS' Centre Pre–KG**

### အသက် (၇၀)

(ဦးတိတ်စိန်-ဒေါ်ကင်တီ)တို့၏သား၊ ဦးအောင်မြင့်၏ညီ၊ (ဒေါ်ခင်စန်းဝင်း-ဦးကျော်ဝင်း)၊ ဒေါ်ခင်သန်းမြင့်၊ ဦးကျော်ကျော်ဆင့်-(ဒေါ်နွဲ့)၊ ဦးမြင့်ဝေ-ဒေါ်ဇာခြည်လင်း၊ ဦးခင်မောင်အေး-ဒေါ်သင်းသင်းသွယ်တို့၏အစ်ကို၊ မောင်ကျော်စိုး၊ မောင်သက်ဟိန်းအောင်၊ မယဉ်ဖူးသက်၊ မောင်မြင့်မြတ်ကိုကိုတို့၏ဦးလေး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၈)လမ်း၊ အမှတ်(၄၂)နေ ဒေါ်ခင်ငွေသိန်း(ခ)သူဇာသိန်း (Founder & Principle of STAR KIDS' Centre Pre–KG)၏ခင်ပွန်း ဦးအောင်မြတ်သည် ၃-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းဝင်း(ဒါရိုက်တာ K သောင်း)

**ရုပ်ရှင်၊ Video**

### အသက် (၅၄) နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၄၄၇)၊ သရဖီ(၆)လမ်းနေ ဒေါ်နန်းမာလာ၏ ခင်ပွန်း၊ မဖြူနှင်းထက်၏ ဖခင်၊ ဒေါ်သီတာ၏မောင်၊ ဦးအောင်လင်း၊ ဒေါ်မြတ်မြတ်အောင်တို့၏ ညီ/မောင်၊ ဦးစိုးမြတ်-ဒေါ်အေးအေးမာတို့၏ အစ်ကို၊ ဦးအောင်စိုးမင်း၊ မသော်သော်စိုးတို့၏အစ်ကို၊ (ဦးတင်အောင်)၊ ဒေါ်ခင်ညိုတို့၏ သားသည် ၂-၂-၂၀၂၁ (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၁ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သွင်သွင်ဟန် (ခ) ဒေါ်သဇင်မြင့်ဦး

### အသက် (၄၈) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(8/C)၊ ယုဇနလမ်း၊ အေးရိပ်မွန်နေ ဦးမြင့်ဦး-(ဒေါ်စိန်စိန်သွင်)တို့၏သမီးကြီး၊ ဦးတင်ထွန်းအောင်၏ဇနီး၊ မရှင်းလဝန်း၊ မောင်သန့်သုတတို့၏မိခင်၊ ဒေါ်ခတ္တာမြင့်ဦး၊ ဒေါက်တာထင်အောင်ကျော်-ဒေါ်ငုဝါမြင့်ဦးတို့၏ အစ်မ၊ မောင်ဝေယံပြည့်စုံကျော်၏ အဒေါ်သည် ၂-၂-၂၀၂၁ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် စင်ကာပူနိုင်ငံ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟနှင့် အပေါင်းအသင်းများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ငွေကြေးဆိုင်ရာ ကောလာဟလများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ငွေကြေးဆိုင်ရာ ကောလာဟလများ၊ ဘဏ်များ ပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများပေါ်မူတည်၍ ကျပ် ၅၀၀၀/- တန်၊ ကျပ် ၁၀၀၀၀/- တန် ရုပ်သိမ်းမည်ဆိုပြီး၊ ကောလာဟလများနှင့် ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများ ထွက်ပေါ်လျက်ရှိသည်ကို ကြားသိရပါကြောင်း၊ အဆိုပါ ကောလာဟလသတင်းများကြောင့် ပြည်သူအချို့ စိုးရိမ်ပူပန်ပြီး ဘဏ်များတွင် ငွေများ ထုတ်ယူနေသည်ကို ကြားသိနေရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ဘဏ်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှု ပေးလျက်ရှိကြပါကြောင်း။

ပြည်သူများအနေဖြင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့လည်း ညွှန်ကြားပြီးဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**


ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာ့မီးရထားမှ ယာယီရပ်နားထားသော ခရီးဝေးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ပြန်လည်ပြေးဆွဲမည်**
စာမျက်နှာ » ၆

**ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့် ကာကွယ်ဆေးထိုး လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ**
စာမျက်နှာ » ၇

**ပြည်ထောင်စုနေ့နှင့် တစ်နွယ်ငင်၍**
ဆောင်းပါး စာမျက်နှာ » ၈

**ကိုယ်တွေ့ကလေးဂျာနယ်**
ဆောင်းပါး စာမျက်နှာ » ၂၃





# ရန်ကုန်(ဝါးတန်း/ဒလ) ကားကူးဇက်ယာဉ်လမ်း၌ ကုန်စည်များ ပြတ်တောက်မှုမဖြစ်ပေါ်စေရေး ရေယာဉ် နှစ်စင်းဖြင့် ပြေးဆွဲပို့ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ ရန်ကုန် (ဝါးတန်း/ဒလ) ကားကူးဇက်ယာဉ်လမ်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ကားကူးဇက်ရေယာဉ် တစ်စင်းဖြင့် ခရီးသည်၊ ကုန်စည်နှင့် မော်တော်ယာဉ်များ အဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ဇန်နဝါရီ ၅ ရက်မှစတင်၍ ကုန်စည်နှင့် မော်တော်ယာဉ်များ ကူးသန်းသွားလာမှု များပြားလာခြင်းကြောင့် ကုန်စည်များ ပြတ်တောက်မှုမဖြစ်ပေါ်စေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကားကူးဇက်ရေယာဉ် နှစ်စင်းဖြင့် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန် (ဝါးတန်း/ဒလ) ကူးတို့လမ်း၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း ကားကူးဇက်ရေယာဉ် တစ်စင်းဖြင့် နေ့စဉ် နံနက် ၆ နာရီခွဲမှ ည ၇ နာရီအထိ အသွားကိုးခေါက်၊ အပြန် ကိုးခေါက်အထိ ပြေးဆွဲခဲ့ရာတွင် မော်တော်ယာဉ် အစီးရေ ၂၅၀ ခန့် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊

**စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ○**



# နှစ်ရှည်ပင်စိုက်ပျိုးခြင်းမှ အနားယူအပန်းဖြေနိုင်သည့် ခရီးသွားနေရာဖြစ်လာ

**ရှာငံ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ်တွင် နှစ်ရှည်ပဒေသာပင် စိုက်ပျိုးထားသော ယုံဗွေကွမ်းသီးခြံမှာ အနားယူအပန်းဖြေနိုင်သည့် ခရီးသွားနေရာဖြစ်လာကြောင်း သိရသည်။

**သက်တမ်း နှစ်ပေါင်း ၈၀ ခန့်ရှိ**

တောင်ပေါ်ဒေသဖြစ်သော်လည်း ရေဗွေသဖွယ်ရှိသော ရေထွက်ပေါက်မှ ရေများထွက်ရှိကာ အဆိုပါနေရာကို အကြောင်းပြု၍ ရေဗွေမှတစ်ဆင့် ယုံဗွေဟုခေါ်တွင်လာကြောင်း ဒေသခံများထံမှ သိရသည်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀ ခန့်ရှိသည့် အပင်ကြီးများနှင့်အတူ သက်တမ်းငယ်အပင်ပျိုများဖြင့် တစ်ဝင်းတည်းတည်ရှိကာ ရေတံခွန်စိမ့်စမ်းများဖြင့် သာယာလှပသောနေရာတစ်ခုဖြစ်သည်။ ယုံဗွေကွမ်းသီးခြံသည် ဘိုးစဉ်ဘောင်ဆက်မှစ၍ မိသားစုအဆက်ဆက် လုပ်ကိုင်လာကြသည့် ဥယျာဉ်ခြံကြီးဖြစ်ပြီး စီးပွားဖြစ်လုပ်ကိုင်ကြသည်။

တပင်ပျော်နှင့် ငှက်သောက်ကျေးရွာတို့တွင် ရှမ်းတိုင်းရင်းသားများနေထိုင်ကြပြီး အိမ်ခြေ ၁၆၀ ခန့် ရှိသည်။ ကျေးရွာအတွင်း ကွမ်းသီးပင်မရှိသူများနှင့် လာရောက်လည်ပတ်သည့် ခရီးသွားများကို ကြွေကျသီးများ ကောက်ယူခွင့်ပေးထားခြင်းကြောင့် အပင်နှင့် အသီးများအား ဖျက်ဆီးခိုးယူခြင်းများမရှိဘဲ နှစ်ရှည်စိုက်ပျိုးထိန်းသိမ်းလာနိုင်ခဲ့ပြီး ပဒေသာပင်အဖြစ် သတ်မှတ်ထားကြသည်။ ထူးခြားသည်မှာ ဧက ၅၀၀ ခန့် ကျယ်ဝန်းသော ကွမ်းသီးခြံကြီးမှာ သူ့အပိုင်၊ ကိုယ့်အပိုင်အဖြစ် ခြံစည်းရိုးများ ကာရံထားခြင်းမရှိဘဲ ကွမ်းသီးပင်အမှတ်အသားများဖြင့်သာ ပိုင်ဆိုင်မှုကို သတ်မှတ်ထားကြသည်။

ခြံဝင်းအတွင်း လည်ပတ်စရာ ပေါများပြီး ရေတံခွန်များနှင့်အတူ စမ်းချောင်းကလေးများ၊ ရေအိုင် (ခေါ်) ရေကူးကန်များအပြင် သဘာဝရေလွှဲမောင်းဖြင့် စပါးထောင်းနေပုံ၊ ကရက်နီရေချောင်းအလှတို့ကြောင့် ရေကစားသူများ၊

**စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ✻**